# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ တနင်္လာနေ့ (2-12-2013) (၇၆၈၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ အခြားသူများ၏ အောင်မြင်မှုကို အသိအမှတ်မပြုလိုခြင်း၊ ဘုံအကျိုးစီးပွားအပေါ်တွင် ပူးပေါင်းဆောင်ရွက်ရမည့်အစား ကိုယ်ကျိုးစီးပွားများကို ဦးစားပေးခြင်း စသည့်စိတ်ဓာတ်များကို ပြင်ဆင်ရန်လို

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်ခွဲမှ ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာ အဆင့်မြင့် စံပြလယ်ယာဇကေ ၁၀၀ သို့ ရောက်ရှိကြသည်။

ထို့နောက် အဆင့်မြင့်စံပြ လယ်ယာရှင်းလင်းဆောင်၌ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ပျက်စီးမှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်သိန်းက တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေးမူဝါဒချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတစ်ဝန်းလုံးတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေးမူဝါဒချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့တွင် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို လေ့လာပြီး မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်သမ္မတကြီး၏ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်တွင် လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုလျော့နည်းစေရန်အတွက် ရေနုတ်မြောင်းများနှင့် ချောင်းကော၊ မြောင်းကောများ တူးဖော်မှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထွက်ကောင်းမျိုးများကို တောင်သူတစ်ဦးအား လက်ရောက်ပေးအပ်စဉ်။**
(သတင်းစဉ်)

# ရွှေဂုံတိုင်ခုံးကျော်တံတားပေါ်တွင် မော်တော်ယာဉ်များသွားလာခွင့်ပြု

သတင်း - ကေသိန်းဆွေ ✶ ဓာတ်ပုံ - စောသိန်းဝင်းနှင့် ခင်မောင်ဝင်း

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်(အနောက်ပိုင်း)ခရိုင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ဓမ္မစေတီလမ်းဆုံနှင့် ရွှေဂုံတိုင်လမ်းတို့ကို ဖြတ်သန်းသွားလာနိုင်သည့် ရွှေဂုံတိုင်ခုံးကျော်တံတားကို ယနေ့မွန်းတည့် ၁၂ နာရီက စတင်ဖွင့်လှစ်လိုက်ပြီး ယာဉ်များ စမ်းသပ်မောင်းနှင်သွားလာမှုပြုခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကို နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းနိုင်ရန် နည်းလမ်းအသွယ်သွယ်ကို လုပ်ဆောင်လျက်ရှိသည်။

ယခုဖွင့်လှစ်လိုက်ပြီဖြစ်သည့် ရွှေဂုံတိုင်ခုံးကျော်တံတား၏အရှည်မှာ ပင်မတံတား မီတာ ၄၈၀၊ တောင်-မြောက်ချဉ်းကပ်လမ်းနှစ်ဖက်အရှည် ၁၄၆ ဒသမ ၇၅ မီတာ၊ တောင်ဘက်ခြမ်း ၉၀ ဒသမ ၇ မီတာ၊ မြောက်ဘက်ခြမ်း ၅၆ ဒသမ ၀၅ မီတာ စုစုပေါင်း ၆၂၇ ဒသမ ၇၅ မီတာဖြစ်ပြီး တံတားကင်းလွတ်အမြင့်ပေ ၅ ဒသမ ၅ မီတာနှင့် တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး တံတားတည်ဆောက်မှုအချိန် တစ်နှစ်သာကြာမြင့်ကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည်ဖြန့်ဖြူး

**နေပြည်တော် ဒီဇင်ဘာ ၁**

ရွာမ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း အသစ်ထပ်မံတည်ဆောက်လျက်ရှိသည့် EGAT သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ချိတ်ဆက်ခြင်းလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဆီးဂိမ်း အထူးထုတ်ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။




**ကြေးမုံ စာတည်းရှုထောင့်** **၂-၁၂-၂၀၁၃၊ တနင်္လာနေ့**

# အမျိုးသားရေးတာဝန်

"ယခု နှစ်နှစ်ကျော်ကာလမှာ တက်လှမ်းနိုင်ခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းမှု အဆင့်ဆင့်ကို ရေရာသေချာတဲ့ အသွင်ကူးပြောင်းရေးဖြစ်စဉ်တစ်ရပ် အနေနဲ့ ခိုင်ခိုင်မာမာဖြစ်ပေါ်လာဖို့ဆိုရင် မိမိတို့ထားရှိရမယ့် တူညီတဲ့ ရည်မှန်းချက်တွေဟာလည်း ခိုင်မာတဲ့ရပ်တည်ချက်တွေပါဝင်ဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ထားရှိရမယ့် တူညီတဲ့ရည်မှန်းချက်တွေဟာ လက်တွေ့ကျဖို့လည်းလိုအပ်ပြီး ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်" ဟု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ မျှော်လင့်တောင့်တခဲ့ကြသည့် ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းငါးဆယ်ကျော်ကြာ ကင်းကွာခဲ့ပြီးနောက် မျက်မှောက်ကာလတွင် ပြည်သူများ ပြန်လည်ကြုံတွေ့ကြရပေပြီ။ ထိုသို့ ကြုံတွေ့ကြရသည်မှာလည်း သက်တမ်းနှစ်နှစ်ကျော်သာရှိသေးသဖြင့် ဒီမိုကရေစီသက်တမ်း နုနယ်လှသေးသည်ဟု ဆိုနိုင်ပါသည်။

သို့သော်ငြားလည်း လက်ရှိမြန်မာနိုင်ငံ၏ ဒီမိုကရေစီအခင်းအကျင်းမှာ တိုတောင်းလှသည့် သက်တမ်းကာလအတွင်း သွက်လက်မြန်ဆန်လွန်းလှသဖြင့် ပြည်ပနိုင်ငံများကပင် အံ့သြချီးမွမ်းရသည့် အဖြစ်ကိုရရှိခဲ့ပေသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းနေရာတွင် ခက်ခဲကြမ်းတမ်းလွန်းလှပြီး စိန်ခေါ်မှုမြောက်မြားစွာ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုစိန်ခေါ်မှုများမှာ အမျိုးသားစည်းလုံးညီညွတ်မှုဖြစ်ပေသည်။ ယင်းအမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည်စုစည်းရယူနိုင်ရန်အတွက် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအတွင်း အစိုးရနှင့်ပြည်သူ၊ အသင်းအပင်းအဖွဲ့အစည်းနှင့် ပြည်သူလူထု၊ နိုင်ငံသားတစ်ဦးနှင့်တစ်ဦးအကြား ကာလရှည်ကြာပျောက်ဆုံးခဲ့ရသည့် အပြန်အလှန်ယုံကြည်မှုကို ပြန်လည်တည်ဆောက်ကြရန်ဖြစ်ပေသည်။

အပြန်အလှန်ယုံကြည်ခြင်းဟူသည့် ထိုကြီးမားသည့် စိန်ခေါ်မှုကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ယုံကြည်မှုတည်ဆောက်ရေး အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှသဖြင့်နိုင်ငံတော်သမ္မတကြီးက စိန်ရတုခန်းမတွင် အရပ်ဘက်လူ့အဖွဲ့အစည်း၏ အရေးပါပုံကို ပြည်သူလူထုတစ်ရပ်လုံးအား အသိပေးပြောကြားလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားပြည်သူအားလုံး တူညီသည့်ရည်မှန်းချက်များထားရှိရမည့်အပြင် ဒီမိုကရေစီပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်ရန်အတွက် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်သည်။ ယခုလက်ရှိတွင် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသည် သာမက နောင်လာမည့် မျိုးဆက်သစ်များအတွက်ပါ ခိုင်မာပြီးအာမခံချက်ရှိသည့် ဒီမိုကရေစီနိုင်ငံရေးအနာဂတ်ကို ပိုင်ဆိုင်ထားရန် လိုအပ်ပါသည်။ ယခုလက်ရှိ ဆောင်ရွက်နေမှုများသည် ဒီမိုကရေစီအခြေခံကောင်းများပါဝင်သည့် အုတ်မြစ်များကို ချနေခြင်းဖြစ်သည်ဟု ရှုမြင်ကြရမည်ဖြစ်သည်။

စိန်ရတုခန်းမတွင် နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့်အတိုင်း ယခုရရှိထားသည့်အဆင့်သည် မျိုးစေ့အဆင့်မှ အစေ့အညှောက်ပေါက်သည့် အဆင့်သို့ ရောက်ရှိလာပြီဟု ဆိုရမည်ဖြစ်သည်။ အစို့အညှောက်အဆင့်မှ အဆင့်ဆင့်ရှင်သန်ကြီးထွားလာရန်အတွက်မူ ကျွန်ုပ်တို့ ပြည်သူလူထုအားလုံး မဖြစ်မနေ ဆက်လက်လုပ်ဆောင်သွားကြရမည့် အမျိုးသားရေးတာဝန်ကြီးပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးအပြောင်းအလဲများနှင့် အသွင်ကူးပြောင်းရေးဖြစ်စဉ်များ ယခုအဆင့်မှ ရှေ့ဆက်တက်လှမ်းနိုင်ရန်အတွက် အစိုးရတစ်ဖွဲ့တည်းက ကြိုးပမ်းအားထုတ်နေရုံဖြင့်ရောက်ရှိနိုင်မည်မဟုတ်ဘဲ နိုင်ငံအဆင့်အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများသာမက နိုင်ငံသားတစ်ဦးချင်းစီအလိုက် ကျရာကဏ္ဍမှ ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင်ကျင်းပရာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက The World Bank နှင့် IFC တို့မှလေ့လာပြုစုထားသော Doing Business 2014 ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဆောင်ရွက်နိုင်မှုတွင် အဆင့်နိမ့်ကျနေသည့် အခြေခံအကြောင်းအရင်းများအပေါ် တိုးတက်မှုရှိစေရေးအတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆပ်ကော်မတီများမှ ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ လုပ်ငန်းအဆင့် ကိုးဆင့်ရှိနေခြင်း၊ အချိန်ကာလကြာခြင်း၊ ကုန်ကျစရိတ်များခြင်း အချက်များအား ဖြေလျှော့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ အသေးစိတ်လေ့လာသုံးသပ်ဖြေလျှော့ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ လုပ်ငန်းအဆင့် ကိုးဆင့်ရှိနေခြင်းအပေါ် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်၍ အဆင့်တစ်ဆင့်ချင်းစီအလိုက် ဖြေလျှော့ပေးနိုင်မည့်အဆင့်များအပေါ် ဆပ်ကော်မတီဝင်များက အသေးစိတ်သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ကြန့်ကြာမှုများ၊ ကုန်ကျစရိတ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြပြီး ဆပ်ကော်မတီများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားပေးကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပခဲ့ရာတွင် ဆွေးနွေးအကြံပြုချက်များအရ ဖော်ထုတ်ရရှိသော အားသာချက်များနှင့်အားနည်းချက်များကို အခြေခံ၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်မည့်အစီအစဉ်များ ဦးစားပေးအကောင်အထည်ဖော်မည့်ကိစ္စရပ်များကို သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂-၁၂-၂၀၁၃ (တနင်္လာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၈း၁၀ | ရွှေဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅း၀၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ချစ်အိပ်မက်ဆုံရာ" (အပိုင်း-၁၆) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ယောကျ်ားဂုဏ်ရည်" (အပိုင်း-၂၅) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နွေးထွေးသောရင်ခွင်ထက်ဆီ" (အပိုင်း-၁၄) -တရားတော် |



## ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲ အသီးသီးတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေး ကော်မတီက နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု နေပြည်တော် တပ်ကုန်း အထက(၁)မှ မသီရိရှင်းသန့်၊ ဒုတိယဆု မန္တလေးမြို့ ချမ်းအေးသာစံ အထက(၇)မှ မဝင်းမာလာကျော်၊ တတိယဆု ကချင်ပြည်နယ် မိုးကောင်းအလယ်ရပ်အမကမှ မစုမြတ်နိုးခိုင်တို့ကလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု မင်းလှမြို့နယ် စစ်ကွင်း (အထက)မှ မခိုင်သဇင်၊ ဒုတိယဆု ပုလောမြို့နယ် ရှပ်ပုံ (အထက)မှ မောင်တင်အောင်ဝင်း၊ တတိယဆု မြစ်ကြီးနားမြို့ အလက(၃)မှ မအိသန္တာကျော်တို့ကလည်းကောင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက(၂)မှ မဇွန်ပွင့်၊ ဒုတိယဆု မြစ်ကြီးနားအထက(၃)မှ မခင်ရန့်ထွန်း၊ တတိယဆု နေပြည်တော် အထက(၂)မှ မအိစက်ဝေတို့ကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု မဆုမွန်ဦး(မွေးမြူရေးဆိုင်ရာတက္ကသိုလ်)၊ ဒုတိယဆု မချိုလွင်ဖူး(တောင်ငူနည်းပညာတက္ကသိုလ်)၊ တတိယဆု မနွေဦးခင်ခင် (တောင်ငူနည်းပညာတက္ကသိုလ်) တို့ကလည်းကောင်း၊ အလွတ်တန်းဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ဦးထိန်လင်း(လင်းအာရုဏ်ဦး- ပဲခူး)၊ ဒုတိယဆု ကျောင်းဆရာ ကိုကိုဝင်း(ပုဗ္ဗသီရိမြို့နယ်)၊ တတိယဆု နုထက်ထက်လွင် (စမ်းချောင်းမြို့နယ်) တို့ကလည်းကောင်း ရရှိကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပမည်

**မြောင်းမြ ဒီဇင်ဘာ ၁**

မြောင်းမြမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးသည့် (၆၉)နှစ်မြောက် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ဒီဇင်ဘာ ၃ ရက် စာဆိုတော်နေ့တွင် မြို့ကျက်သရေဆောင် ရွှေသာလျောင်း ဘုရားကြီးဝင်း၌ ကျင်းပမည်ဖြစ်ပြီး ဆရာညီမင်းညို၊ ဆရာအကြည်တော်၊ ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)တို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းသွင် (မြောင်းမြ)**

K.D.H Travels & Tours
You are VIP with K.D.H Tour
ကိုရီးယား – ဆိုးလ် (၃ ညအိပ် – ၄ ရက်) ၁၃ သိန်း
ဆိုးလ် – ဂျယ်ဂျူး – ဘူဆန် – အူဆန် – ဂရောင်ဂျူး – ဆူဝန် (၇ ညအိပ်–၈ ရက်) ၁၉. ၉ သိန်း
ဆိုးလ်–ဂျယ်ဂျူး–ဘူဆန်–အူဆန်–ဂရောင်ဂျူး–ဆူဝန်(၈ညအိပ်–၉ရက်) ၂၁.၉၉သိန်း
ရန်ကုန်မှ ကိုရီးယားသို့ တိုက်ရိုက်လေကြောင်းလိုင်းဖြင့် Dec 14, 21,26 တို့တွင် ထွက်ခွာ ပြီးကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ Dec 7 ရက်နေ့နောက်ဆုံးထား၍ စာရင်း ပေးသွင်းနိုင်ပါသည်။
ကုမ္ပဏီနှင့် အသင်းအဖွဲ့များအတွက် အထူးခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ပေးပါသည်။ သီးသန့်မိသားစုခရီးစဉ်များ လည်းစီစဉ်ပေးပါသည်။ မင်္ဂလာဆောင်နှံ့များအတွက် သီးသန့်ဟန်နီးမွန်းခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးပါသည်။
အမှတ် (၂၁၂)၊ အခန်း (၈၀၄)၊ တိုက် (ဧအ)၊ ရွှေဂုံတိုင်ဘာဝါ၊ ဗဟန်းမြို့နယ်။
☎ - 01 8604951 , 01 8604963

K.D.H Travels & Tours
You are VIP with K.D.H Tour
တောင်ကြီး – အင်းလေး (၄ညအိပ်၅ရက်) ၁.၈ သိန်း
ပုဂံ–မန္တလေး–ပြင်ဦးလွင် (၅ညအိပ်၆ရက်) ၁.၇ သိန်း
ခရီးစဉ်ထွက်ခွာမည့်ရက် (Dec 14,20,26)
ချောင်းသာ အပတ်စဉ် (သောကြာ)
ငွေဆောင် အပတ်စဉ် (သောကြာ)
ကျိုက်ထီးရိုး-ပဲခူး အပတ်စဉ် (သောကြာ)
ကုမ္ပဏီအသင်းအဖွဲ့များ၊ မိသားစုသီးသန့်ခရီးစဉ်များနှင့် မင်္ဂလာဆောင်နှံ့များအတွက် သီးသန့်ဟန်နီးမွန်းခရီးစဉ်များကိုလည်း အထူးနှုန်းဖြင့် စီစဉ်ပေးပါသည်။
အမှတ် (၂၁၂)၊ အခန်း (၈၀၄)၊ တိုက် (ဧအ)၊ ရွှေဂုံတိုင်ဘာဝါ၊ ဗဟန်းမြို့နယ်။
☎ - 01 8604951 , 01 8604963

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁**

လျှပ်စစ်အန္တရာယ်ကြောင့် ဓာတ်လိုက်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အရှိန်အဟုန်မြင့် ဟောပြောဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ တွင် အထက (၆) ဗိုလ်တထောင်၌ ဆရာ ဆရာမများနှင့် ကျောင်းသားများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းကလျှပ်စစ်အန္တရာယ်အကြောင်းကို ဟောပြောကြောင်း သိရသည်။ **(မောင်သုည)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးငွေးဦး၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ဦးအောင်ထွန်း၊ ဒေါက်တာခင်ရွှေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်တို့လိုက်ပါလျက် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Hon. Mr. Yamazaki နှင့် အထက်လွှတ်တော် အထူးဧည့်သည်တော်များ ခန်းမဆောင်၌ လွှတ်တော်ရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌက အထက်လွှတ်တော်အစည်းအဝေးခန်းမအတွင်း လိုက်လံရှင်းလင်းပြသခဲ့သည်။



နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် တိုကျိုမြို့မှ ရထားဖြင့် ထွက်ခွာလာရာ Fukushima မြို့သို့ ရောက်ရှိကြပြီး ဖူကူရှီးမားခရိုင်အုပ်ချုပ်ရေးအဖွဲ့ရုံး (Prefectural Government) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဖူကူရှီးမားမြို့ ငလျင်ဒဏ်ခံခဲ့ရမှု၊ ဆူနာမီဒဏ်ခံစားခဲ့ရမှု၊ နျူကလီးယားမတော်တဆဖြစ်မှုတို့ကြောင့် ဆုံးရှုံးထိခိုက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကောလာဟလသတင်းများကြောင့် ဒေသထွက်ကုန်များ ဆုံးရှုံးမှုနှင့် လက်ရှိ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဖူကူရှီးမားခရိုင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Hiraide နှင့်တွေ့ဆုံပြီး ဖူကူရှီးမားခရိုင်အတွင်း ၂၀၁၁ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော မြေငလျင်ဒဏ်ခံခဲ့ရမှု၊ ဆူနာမီဒဏ်ခံစားရမှု၊ နျူကလီးယားမတော်တဆဖြစ်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် စိတ်မကောင်းဖြစ်ရပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ခုနှစ်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် လူဦးရေတစ်သိန်းကျော်သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ခဲ့ဖူး၍ များစွာစာနာမိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဖူကူရှီးမားခရိုင်ရှိ ကယ်ဆယ်ရေးစခန်း Odagaisama Center သို့ ရောက်ရှိပြီး ဒုက္ခသည်များ နေထိုင်ရာ ယာယီအိမ်ရာ (Temporary Housing)အတွင်းရှိ ဒုက္ခသည်များအား လိုက်လံအားပေးနှုတ်ဆက်ကာ နှစ်သိမ့်အားပေးဖျော်ဖြေမှုအစီအစဉ်များကို ဝင်ရောက်အားပေးခဲ့သည်။

ဆက်လက်၍ Odagaisama Center တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသသည်။

ထို့နောက် Fukushima မြို့ရှိ စိုက်ပျိုးရေး နည်းပညာဌာနသို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကာ ဖူကူရှီးမားမြို့ Koriyama ဘူတာရုံမှ ရထားဖြင့် ပြန်လည်ထွက်ခွာလာရာ တိုကျိုမြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံ နှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆုလစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ရန်ကုန်ဇုန်၌ကျင်းပမည့် အားကစားနည်းခြောက်မျိုးအတွက် ဆုချီးမြှင့်ခြင်းအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)အားကစားခန်းမ၌ ကျင်းပရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့်ဆုချီးမြှင့်ရေးကော်မတီအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးအား ပြိုင်ပွဲအားကစားနည်းများအလိုက် ဆုချီးမြှင့်ရာတွင် ပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့များမှတစ်ဦးချင်း မိတ်ဆက်ကြပြီး ဒုတိယဝန်ကြီးသည် ဆုရနိုင်ငံအသီးသီး၏ နိုင်ငံတော်အလံလွှင့်တင်ခြင်းသရုပ်ပြသမှုနှင့် ဆုပေးပွဲအခမ်းအနားသရုပ်ပြသမှုတို့ကို ကြည့်ရှုကာ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယနေ့ ကျင်းပသည့် အခမ်းအနားသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ရန်ကုန်ဇုန်) ၌ ကျင်းပမည့် နပန်း၊ ကမ်ပို၊ ဟော်ကီ၊ ကာယဗလ၊ အလေးမနှင့် သေနတ်ပစ်အားကစားနည်း ခြောက်မျိုးတို့အတွက် ဆုချီးမြှင့်ရန် ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(ယာပုံ)

**(သတင်းစဉ်)**



# ဘောလုံးအဖွဲ့ချုပ် သတင်းစာရှင်းလင်း၊ အော်ရီဒူးကုမ္ပဏီနှင့် အကျိုးတူလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတင်းစာရှင်းလင်းပွဲနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အော်ရီဒူးကုမ္ပဏီတို့ တရားဝင်အကျိုးတူလက်မှတ်ရေးထိုးပွဲကို နိုဝင်ဘာ ၃၀ ရက်မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က "ဆီးဂိမ်းပွဲတော်ကြီးအတွက် ကြိုတင်ပြင်ဆင်ငွေကျပ်သိန်းပေါင်း ၂၄၀၀၀ ကုန်ကျပြီးဖြစ်ပါတယ်။ အမျိုးသားဘောလုံးသမားတွေအတွက် နည်းပြလစာနဲ့ အသုံးစရိတ်အပါအဝင် ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော် ကုန်ကျပါတယ်။ ဒီအတိုင်းပဲ အမျိုးသမီးဘောလုံးသမားတွေအတွက် နည်းပြလစာနဲ့ အသုံးစရိတ် အပါအဝင် ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော်ကုန်ကျပါတယ်။ လက်ရှိအနေနဲ့ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်ရရှိပြီး ဖြစ်ပါတယ်။ လိုအပ်ငွေကတော့ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်လိုအပ်ပါတယ်။ စပွန်ဆာတွေလည်း အများကြီးလိုအပ်နေပါတယ်။ ကုမ္ပဏီတွေကလည်း အထောက်အပံ့တွေရပြီးသားပါ။ ဂျပန်နိုင်ငံမှာဆို သူတို့ သန်း ၆၀၊ ၇၀ ရကြပါတယ်။ ကိုရီးယားဆိုလည်း ဒီအတိုင်းပါပဲ၊ ကမ္ဘောဒီးယားဆိုရင် ဒီနှစ် ကျွန်တော်တို့ထက် များပါတယ်။ ကမ္ဘောဒီးယားက ဒီနှစ်စပွန်ဆာကို နှစ်သန်းကျော်ရပါတယ်"ဟု အသုံးစရိတ် ရရှိငွေ၊ လိုအပ်ငွေများနှင့် စပ်လျဉ်း၍ပြောကြားသည်။ "အဓိကကတော့ ဘောလုံးလောကတည်ဆောက်မယ်ဆိုရင် သူများနိုင်ငံတွေလို ငယ်ရွယ်စဉ်ကတည်းက အလေ့အကျင့်မရှိခဲ့ဘဲ အခုလို လက်ရွေးစင်ဖြစ်မှ သင်ပေးမယ်ဆိုရင် မရနိုင်ပါဘူး။ အခြားနိုင်ငံတွေမှာ ဘာတွေလုပ်နေလဲဆိုတာ သိဖို့လိုအပ်ပါတယ်။ ကလေးတွေကို ကျောင်းတွေမှာ ပြိုင်ပွဲတွေပြန်လုပ်ပေးသင့်ပါတယ်။ မြန်မာနိုင်ငံမှာက တရားဝင်နည်းပြနည်းပါးပါတယ်။ အခြေခံကျတဲ့ နည်းပြတွေအများကြီးလိုအပ်ပါတယ်။ စပွန်ဆာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရအောင် ရှာပေးမှာပါ။ လာမယ့်နှစ်မှာ အဖွဲ့ချုပ်ဥက္ကဋ္ဌရွေးကောက်ပွဲမှာလည်း ဘယ်သူမဆိုဝင်ပြိုင်နိုင်ကြပါတယ်။ ကျွန်တော်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ မြန်မာနိုင်ငံအတွက် ကိုယ်စားပြုတဲ့သူတွေဖြစ်စေချင်ပါတယ်။ လက်ရှိသူများနိုင်ငံနဲ့ ပြိုင်တာဖြစ်တဲ့အတွက် သူတို့တွေလိုအရည်အချင်းရှိမှဖြစ်မှာပါ" ဟု ဆက်လက်ရှင်းပြသည်။



ထို့နောက် မွန်းလွဲ ၂ နာရီတွင် SIGNING CEREMONY Ooredoo Official Partner of Myanmar Football Federation မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အော်ရီဒူးကုမ္ပဏီတို့ တရားဝင်အကျိုးတူလက်မှတ်ရေးထိုးပွဲအရ Life and dance အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်အမှာ စကားပြောကြားကာ အော်ရီဒူးကုမ္ပဏီမှ စီမံခန့်ခွဲရေးမှူးချုပ် Mr.Chris Bannister က "ကျွန်တော်တို့အော်ရီဒူးကုမ္ပဏီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို အဓိကဦးစားပေးထောက်ပံ့ငွေပေးသွားမှာပါ၊ ခြင်းလုံးနဲ့ မသန်စွမ်းအားကစားသမားတွေအတွက်လည်း ထောက်ပံ့ထားရှိပါသေးတယ်"ဟု ပြောသည်။ ယင်းနောက် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများလဲလှယ်ပေးအပ်ကြသည်။(ဝဲပုံ) မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာ အဆိုပါ အော်ရီဒူးမှထောက်ပံ့ရရှိငွေဖြင့် ငါးနှစ်အတိုင်းအတာအထိ သုံးသွားရန်ရှိနေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အသုံးစရိတ်မှာတစ်နှစ်လျှင် ငွေကျပ်စုစုပေါင်း သုံးသန်းခွဲထိရှိကြောင်း သိရသည်။

**(စိုးဝင်း- MLA)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ အမျိုးသားချင်းလိင်တူဆက်ဆံသူများတွင် စတင်တွေ့ရှိခဲ့သည့် AIDS ရောဂါသည် နှစ်ပေါင်း ၃၀ ကျော်အတွင်း တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့အေအိုင်ဒီအက်စ်အဖွဲ့ကြီး (UNAIDS) မှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် ၂၀၁၁ ခုနှစ်အကုန်၌ HIV/AIDS ဖြစ်ပွားနေသူပေါင်း ၃၄ သန်းခန့်ရှိပြီး HIV ပိုးကူးစက်ခံရသူ (အသစ်)ပေါင်း ၂ ဒသမ ၅ သန်းခန့်ရှိကြောင်း၊ အဆိုပါ ၂၀၁၁ ခုနှစ်၌ပင် AIDS ရောဂါဖြင့် သေဆုံးသူပေါင်း ၁ ဒသမ ၇ သန်းရှိကြောင်းလည်း သိရှိရကြောင်း။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲချမှတ်ထားသော ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း ၂၀၁၁-၂၀၁၅ တွင် ဦးစားပေးမဟာဗျူဟာ သုံးရပ်ပါရှိပြီး ယင်းတို့မှာ အန္တရာယ်ရှိသည့် လိင်ဆက်ဆံမှုနှင့် မသန့်ရှင်းသော ဆေးထိုးအပ်နှင့် အလားတူကိရိယာများ အသုံးပြုခြင်းကြောင့် HIV ပိုးကူးစက်ခြင်းမှ ကာကွယ်ရေး၊ HIV ကူးစက်ခံရသူများ၊ AIDS လူနာများအတွက် စဉ်ဆက်မပြတ်ပြီးပြည့်စုံသော ပြုစုကုသစောင့်ရှောက်ရေးနှင့် HIV ပိုးကူးစက်ခံရသူများ၊ AIDS လူနာများနှင့် မိသားစုဝင်များအပေါ် ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေရေးတို့ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ HIV ပိုးကူးစက်ပြန့်ပွားမှုနှင့် ရောဂါဖြစ်ပွားနှုန်းကို ကြည့်လျှင် ၂၀၀၀ ပြည့်နှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ သုည ဒသမ ၄၇ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း၊ အဆိုပါအောင်မြင်မှုသည် မိမိတို့နိုင်ငံရှိအကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ဌာနဆိုင်ရာများ၊ UN Agencies၊ INGOs၊ NGOs များ၊ ရောဂါပိုးကူးစက်ခံရသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့စွမ်းအားရှိသမျှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းကြောင့် ရရှိခဲ့သည့် အကျိုးကျေးဇူးများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပသည့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ထို့အပြင် UNAIDS အဖွဲ့မှ ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များကိုလည်းသတ်မှတ်ပေးခဲ့ရာ ၂၀၁၁-၂၀၁၅ ခုနှစ်အထိ အသုံးပြုရန်အတွက် ရွေးချယ်ထားခဲ့သော ဆောင်ပုဒ်မှာ “Getting to Zero, Zero New HIV Infections.Zero Discrimination and Zero AIDS related Deaths” ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် ဆောင်ပုဒ်များကို ဘာသာပြန်အသုံးပြုခဲ့ရာ ယခုနှစ်အတွက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်မှာ “ခွဲခြားနှိမ့်ချကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊ ART(အေအာတီ)ဖြင့် ကုသပေး”ဟူ၍ဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ HIV ရောဂါပိုးကူးစက်ခံရသူတိုင်း၊ AIDS ဝေဒနာခံစားနေရသူတိုင်းနှင့် ၎င်းတို့၏ မိသားစုများကို ခွဲခြားနှိမ့်ချဆက်ဆံမှုမရှိဘဲ နွေးထွေးကြည်ဖြူစွာနဲ့ လူသားချင်းထောက်ထားစာနာပြီး လက်တွဲကူညီ ပံ့ပိုးပြုစုစောင့်ရှောက်ပေးကြရန်၊ အေအာတီဆေးဖြင့် ဆောလျင်စွာ စောင့်ရှောက်ကုသမှုပေးခြင်းဖြင့် ဝေဒနာရှင်ထံမှ အခြားသူများသို့ ရောဂါပိုးလျော့နည်းလာစေရန်နှင့် သက်ရှည်ကျန်းမာစွာနေထိုင်သွားနိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း။

HIV/AIDS ဝေဒနာရှင်များအား အေအာတီဆေးဝါးဖြင့်ကုသခြင်း (Antiretroviral Therapy)လုပ်ငန်းများကို ၂၀၀၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ၊ သာကေတ) အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံကြီး ၅၅ ရုံ၊ တိုင်းဒေသကြီး/ပြည်နယ်ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ဆေးခန်းခုနစ်ခုနှင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ၁၃ ဖွဲ့၏ဆေးခန်းများတွင် ကုသပေးလျက်ရှိကြောင်း။

၂၀၁၆ ခုနှစ်အကုန်တွင် အေအာတီဆေးဝါးဖြင့် ကုသရန်လိုအပ်သော လူဦးရေ၏ ၈၆ ရာခိုင်နှုန်းထိ လွှမ်းခြုံမှုပေးနိုင်မှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Jigme Singay ကလည်းကောင်း၊ ကုလသမဂ္ဂ အေအိုင်ဒီအက်စ်အစီအစဉ် Executive Director ၏ သဝဏ်လွှာကို ကုလသမဂ္ဂအေအိုင်ဒီအက်စ်အမှုဆောင်အရာရှိ Mrs. Savina Ammassari ကလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများမှ ဆုရကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr.Jigme Singay တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်းပြသထားသော ၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် ပြောကြားခဲ့သည့်မိန့်ခွန်းများစာအုပ် ထွက်ရှိ မြန်မာ့နိုင်ငံရေးစိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်



ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ တာဝန်ယူပြီးနောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း ပြောကြားခဲ့သည့်မိန့်ခွန်းများကို စုစည်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အဖြစ်စီစဉ်၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ၏ ပြည်တွင်းပြည်ပခရီးစဉ်များ၊ လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများ၊ မိဘပြည်သူများထံ တင်ပြသည့် ရေဒီယိုမိန့်ခွန်းများ အပါအဝင် ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ် အတွင်း ပြောကြားခဲ့သော မိန့်ခွန်းနှင့်အမှာစကား စုစုပေါင်း ၄၀ ကို စုစည်းထားခြင်းဖြစ်သည်။

## ထည့်သွင်းဖော်ပြ

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင်ပြောကြားသော နိုင်ငံတော်သမ္မတ၏ ရေဒီယိုမိန့်ခွန်းပါ ကောက်နုတ်ချက်ကိုဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် မိဘပြည်သူများအပေါ် ထားရှိသော စိတ်နေသဘောထားတို့ကို ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည် -

**“ကျွန်တော့်အနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးရအောင်၊ ဆင်းရဲနွမ်းပါးမှု လျော့ကျပြီး စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်”**

မိန့်ခွန်းနှင့် အမှာစကားတစ်ခုချင်းစီအလိုက် မှတ်တမ်းဓာတ်ပုံများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများကို အမှတ်တရ စုစည်းထားလိုသူများနှင့် မြန်မာ့နိုင်ငံရေး၏ ဒီမိုကရေစီလမ်းကြောင်း အချိုးအကွေ့ကို စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာမျက်နှာ(၂၆၈) မျက်နှာပါရှိသော အဆိုပါစာအုပ်ကို မျက်နှာဖုံး ဒီဇိုင်းမြင့်မောင်ကျော် ရေးဆွဲ၍ ရွှေထီးပုံနှိပ်တိုက်တွင် ရိုက်နှိပ်ကာ တစ်အုပ်လျှင် ရောင်းဈေးကျပ် ၃၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

## အင်္ဂလိပ်ဘာသာဖြင့်လည်း ထုတ်ဝေမည်

အဆိုပါစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် မကြာမီ ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## ဆက်သွယ်ဝယ်ယူနိုင်

* စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်။ ဖုန်း ၀၆၇-၄၁၄၆၈၁
* စာပေဗိမာန်စာအုပ်ဆိုင် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၉၀၃၁
* စာပေဗိမာန်စာအုပ်ဆိုင် (၈၆) လမ်း (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့။ ဖုန်း ၀၂-၆၂၉၂၅၊ ၆၂၉၃၁
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် (၁၇၃-၁၇၅)ပန်းဆိုးတန်းလမ်း (အလယ်လမ်း) ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၁၀၀၂၇၄
* အင်း၀စာအုပ်ဆိုင် အမှတ်(၂၀၁/ ၃၀၁) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈
* **Tab Book Centre**၊ တော်ဝင်စင်တာ၊ ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၁-၈၆၀၀၄၃
* ထွန်းဦးစာပေဖြန့်ချိရေး အမှတ် (၁၀၁)၊ (၈၄) လမ်း၊ (၂၉) လမ်း နှင့် လမ်း (၃၀) ကြား မန္တလေး။ ဖုန်း ၀၁-၃၉၈၀၀၊ ၇၂၅၁၈
* နဂါးစာပေ အမှတ် (၂၉/ခ)၊ ၈၃ လမ်း၊ ၂၉ လမ်းနှင့် လမ်း (၃၀) ကြား မန္တလေး။

**မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**











# စာနဲ့ရုံနဲ့ပိတ်လှောင်ခံရသူဘဝမှ ရုန်းထွက်နိုင်ကြပါစေ

ဒေါက်တာမောင်သင်း(မိတ္ထီလာတက္ကသိုလ်)

> ‘ ကျောင်းဟာ သင်ခန်းစာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို ပိုမိုလေ့လာလိုစိတ်၊ ပညာရပ်ကိုသင်ရိုးမှာ ပါတာထက် ပိုသိချင်၊ ပိုတတ်ချင်စိတ်ရှိအောင်လည်း စိတ်ဓာတ်မြှင့်တင်ပေးရာနေရာလည်းဖြစ်ပါတယ်။ လူမှုဆက်ဆံရေးတော်ပြီး ခေါင်းဆောင်နိုင်စွမ်းရှိမှုတွေကိုလည်း ဖြည့်ပေးပါသေးတယ် ’

လူတိုင်းမှာမွေးကတည်းက ထက်မြက်ပြီး တန်ဖိုးဖြတ်မရတဲ့စွမ်းရည်တွေ ပါလာပြီးသားပါ။ မွေးရာပါစွမ်းရည်ကိုထွက်လာ၊ တက်လာ၊ ဖွံ့ဖြိုးလာအောင်လုပ်ပေး၊ လေ့ကျင့်ပေးဖို့သာလိုတာပါ။ အဲဒီစွမ်းရည်၊ စွမ်းအားကိုဆွဲထုတ်ပြီး အစွမ်းကုန်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်းရှိတဲ့ “ပညာရေးလုပ်ငန်း”ကို ပိုင်ဆိုင်ကြသည့် နိုင်ငံနှင့်လူ့အဖွဲ့အစည်းဟာ ကမ္ဘာ့ထိပ်တန်းမှာ ရောက်နေပါတယ်။ မွေးရာပါစွမ်းရည်တွေ ပိုမိုထက်မြက်လာအောင်၊ အစွမ်းကုန်ဖွံ့ဖြိုးမှုရှိလာအောင် စုပေါင်းလေ့ကျင့်ပေးတဲ့နေရာတွေဟာ “ကျောင်း”ပါပဲ။

ကျောင်းနှင့်ထောင် တူသလားမေးရင် ကျွန်တော့်ကို အရူးလို့အားလုံးက ဝိုင်းအော်ကြပါလိမ့်မယ်။ “အကျဉ်းထောင်” ဆိုတာ လေးဖက်လေးတန်ထူထဲတဲ့ နံရံကြီးတွေနဲ့ ကာရံထားတာမို့ ပတ်ဝန်းကျင်ကိုမြင်နိုင်စွမ်းမရှိပါ၊ ထိုမျှမကသေးပါ။ အပြင်ကိုလည်းထွက်ခွင့်မရှိ၍ သာယာစိုပြည်တဲ့သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးပျူငှာ ငြိမ်းချမ်းတဲ့ လူမှုပတ်ဝန်းကျင်နဲ့ အဆက်ပြတ်နေအောင် ဒဏ်ပေးတဲ့နေရာပါ။ ကြာလာတော့ ပတ်ဝန်းကျင်မှာရှိတဲ့ တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဘဝတွေနဲ့ ခေတ်၏ပြောင်းလဲမှုကို မြင်နိုင်စွမ်းမရှိတော့ပါ။

“ကျောင်း” ဆိုတာ “စာ”ကိုသာသင်တဲ့ နိမ့်နိမ့်ကျကျနေရာ မဟုတ်ပါ၊ အပြစ်ကင်းစင်တဲ့လူမမယ်ကလေးတွေကို လိမ္မာပြီးတော်ကြ၊ ထက်ကြတဲ့ “စံပြနိုင်ငံသားစိတ်ထားကြွယ်ဝသူ”တွေဖြစ်လာအောင် ပြင်ပေး၊ လေ့ကျင့်ပေးတန်ဖိုးမြှင့်တင်ပေးတဲ့နေရာပါ၊ လူသားတစ်ယောက်ရဲ့ အနာဂတ်အတွက် လုံခြုံငြိမ်းချမ်းတဲ့ဘဝနဲ့ အောင်မြင်တဲ့ဘဝတစ်ခုကို မိမိဘာသာဖန်တီးနိုင်စွမ်းရှိသည့် အခြေခံကောင်းများ လေ့ကျင့်ပေးတဲ့ပရဝဏ်ပါ၊ အဲဒါကြောင့် ကျောင်းတွေမှာ လူသားတစ်ဦးမှာရှိရမည့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး၊ ကျန်းမာရေးအသိတရား၊ တစ်ကိုယ်ရေလူမှုဘဝနှင့် စိတ်ဓာတ်ဖွံ့ဖြိုးမှု ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ စာနာ တတ်မှု၊ လူမှုဆက်ဆံရေးအသိစိတ်၊ ပြောဆိုလိမ္မာယဉ်ကျေးမှု၊ ရင့်ကျက်သောအနုပညာခံစားမှုနှင့် စိတ်ထားနူးညံ့မှု၊ ကျိုးကြောင်းညီညွတ်စွာ ယုတ္တိရှိရှိ ပြဿနာဖြေရှင်းနိုင်မှု၊ စည်းကမ်းလိုက်နာမှုစတာတွေကို လေ့ကျင့်ပေးနေတာပါ။ အဲဒါတွေနဲ့အတူ မိမိနဲ့စရိုက်နောက်ခံမတူသူတွေနဲ့ စည်းလုံးညီညွတ်စွာ နေထိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အလေ့အကျင့်ရစေပြီး နောက်ဆုံးမှာ ပြည်သူ့နီတိကိုလေးစားတန်ဖိုးထားသူ(Civic)၊ လူ့ကိုယ်ကျင့်တရားမြင့်မားသူတွေ(Ethics)နှင့် ယဉ်ကျေးပျူငှာတဲ့ လောကဝတ်ကျေပွန်သူ(Etiquettes)များ ဖြစ်လာအောင်ပါ။ ပြီးတော့ လူ့အသိုင်းအဝိုင်းကို အကျိုးပြုမည့် ကောင်းမြတ်တဲ့ ဗီဇတွေထွန်းတောက်လာပြီး ဗီဇဆိုး၊ ဗီဇညံ့(လူ့ဘောင်ရဲ့ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီး၊ နှောင့်ယှက်စေတဲ့အကျင့်ဆိုး) တွေပပျောက်သွားအောင် လေ့ကျင့်ပေးတဲ့နေရာဟာ “ကျောင်း”ပါပဲ။

ကျောင်းဆိုတာဟာ သင်ခန်းစာကိုအခြေခံပြီး စာသင်ခန်းရဲ့အပြင်ကို လှမ်းကြည့်တတ်အောင်၊ လောကအကြောင်း၊ ကမ္ဘာတစ်လွှားဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲလူမှုပြဿနာများ၊ သဘာဝပတ်ဝန်းကျင်အကြောင်း စတာတွေကို မြင်တတ်ကြည့်တတ်အောင် သင်ပေးတဲ့နေရာပါ။ ပြီးတော့ ပတ်ဝန်းကျင်နဲ့ သဟဇာတကျစွာနေထိုင်တတ်ပြီး မိမိနေထိုင်ရာလူမှုဝန်းကျင်နဲ့ သဘာဝဝန်းကျင်ကို ပိုမိုကောင်းအောင် စွမ်းဆောင်နိုင်ဖို့ လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တာတွေသိသွား၊ မြင်သွားအောင် ဉာဏ်မျက်စိအမြင်ဖွင့်ပေးတဲ့ နေရာလည်းဖြစ်ပါတယ်။ သေချာတာကတော့ ကလေးတွေရဲ့ ဉာဏ်မျက်စိကို ပိတ်စေတဲ့နေရာမဟုတ်ပါ။

ပြီးတော့ကျောင်းဟာ သင်ခန်းစာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို ပိုမိုလေ့လာလိုစိတ်၊ ပညာရပ်ကိုသင်ရိုးမှာ ပါတာထက် ပိုသိချင်၊ ပိုတတ်ချင်စိတ်ရှိအောင်လည်း စိတ်ဓာတ်မြှင့်တင်ပေးရာနေရာလည်းဖြစ်ပါတယ်။ လူမှုဆက်ဆံရေးတော်ပြီး ခေါင်းဆောင်နိုင်စွမ်းရှိမှုတွေကိုလည်း ဖြည့်ပေးပါသေးတယ်၊ ဒါ့အပြင် စာအုပ်ထဲကစာဟာ ကလေးတစ်ဦးရဲ့ ဘဝအတွက် အခြေခံပဲရှိပါသေးတယ်။ မပြည့်စုံသေးပါဟု ခံယူပြီးဆက်လက်သင်ယူလိုစိတ်ရှိလာအောင် လေ့ကျင့်ပေးဖို့လိုပါတယ်၊ အဲဒီလိုဖြစ်ဖို့ ဆရာကဖွင့်ထားတဲ့စိတ်ဓာတ်၊ ဖွင့်ပေးနိုင်တဲ့အယူအဆ၊ ဉာဏ်ပညာပွင့်လာစေမယ့် သင်နည်းတွေနဲ့သင်မှသာ “ပွင့်နေတဲ့ကျောင်း”ပါ၊ နိုင်ငံတကာမှာ ကလေးတွေကို တွေးခေါ်မှုတွေ(Critical thinking) ကြွယ်ဝလာအောင် လေ့ကျင့်ပေးရပါမယ်။ ကျောင်းစာသင်ခန်းထဲမှာ ကျင်လည်နေရုံ၊ စာမေးပွဲအတွက်အမှတ်ရရုံလောက်သာ သက်သက်သင်တဲ့ကျောင်းဟာ “ပိတ်ပင်တဲ့ကျောင်း” (သို့) “အပိတ်ကျောင်း”ပါ။ မိမိသင်ခဲ့တာကို ဘဝထဲယူသွားခွင့်ရှိစေရပါမယ်။ ကျောင်းဆိုတာ ကလေးတစ်ဦးချင်းစီရဲ့ အနာဂတ်ဘဝကောင်းကျိုးအတွက် ကြိုတင်ပြင်ဆင်ပေးတာပါ။ ဒါ့ကြောင့် သင်သမျှ ကျောင်းထဲမှာပြန်ထားခဲ့ရတာမျိုးမဟုတ်ပါ။ ကျောင်းကလေ့ကျင့်ပေးသမျှဟာ အောင်မြင်တဲ့ဘဝလျှောက်လှမ်းဖို့ ကလေးတွေကိုယ်တိုင်လည်း သူတို့ရှေ့ဆက်ရမယ့်ခရီးအတွက် ကြိုတင်ပြင်ဆင်မှုလို့ ခံယူသွားအောင်လေ့ကျင့်ပေးရပါလိမ့်မယ်။ ဒါမှသာ ဘဝနဲ့ကျောင်းဟာ တစ်ထပ်တည်းဆိုပြီး မြင်လာကာ သင်ယူလိုစိတ်ကိုပိုမြှင့်တင်လာကြပါလိမ့်မယ်။

ဒါ့ကြောင့်မို့ ကျောင်း၊ ကျောင်းဆရာနဲ့ သင်ရိုးတွေက ကလေးရဲ့ဉာဏ်မျက်စိကိုဖွင့်ပေးနိုင်ရပါလိမ့်မယ်။ အပြင်ကို မြင်နိုင်စွမ်းမရှိအောင် ပိတ်ထားတာမျိုးမဖြစ်သင့်ပါဘူး၊ သင်ရိုးနဲ့ပတ်ဝန်းကျင်ဟာ ဆက်စပ်နေပြီး ကလေးတွေကိုလည်း ဆက်စပ်တတ်အောင်သင်ပေး၊ ပြပေးရပါမယ်။ သင်ရိုးကို ပညာရှင်ကြီးတွေရေးဆွဲခဲ့စဉ်က “သိ”ဖို့သက်သက်တွင် ရပ်ထားရန်မဟုတ်ပါ။ မိမိဝန်းကျင်မှာ ဆက်လက် “အသုံးချ”တတ်ဖို့ပါ။ အသုံးချတယ်ဆိုတာဟာလည်း ဘဝအောင်မြင်ရေးအတွက် အသုံးချဖို့ပါ။ ဆိုလိုတာက စာအုပ်ထဲကသင်ခန်းစာဟာ စာမေးပွဲမှာအဆုံးသတ်ပြီး “စာသင်ခန်း” အတွင်းမှာသာ ကျင်လည်နေဖို့မဟုတ်ပါ။ ထင်ရှားတဲ့ ဥပမာတွေကတော့ ကျောင်းသင်ခန်းစာကို ဆရာ ဆရာမက မှတ်စုထုတ်ပေး၊ အလွတ်ကျက်စေ၊ ပြီးတော့ “၍” “၏” “သည်” မလွဲပြန်ဖြေ၊ “၍” “၏” “သည်” မှားရင်တောင် အမှတ်လျှော့ခံရတာမျိုးပါ။ ဒါဟာ “တရားသေဉာဏ်ပိတ်” သင်နည်းပါ။ ကလေးတွေရဲ့ဉာဏ်အမြင်ကို ဖွင့်ပေးရမည့်အစား ပိတ်စေတဲ့ သင်ပုံမျိုးပါ၊ အဲဒီတော့ ကလေးဟာ သင်ခန်းစာကို ကျောင်းပြင်ပက ပတ်ဝန်းကျင်နှင့် ယှဉ်ပြီး အသုံးချနိုင်စွမ်း မရှိတော့ပါ။

အဲဒါနဲ့ ဆန့်ကျင်ဘက်ကတော့ “သင်တွေ့ဖူးသော အပင်ငါးမျိုးကို ပြောပြပါ”ဆိုတဲ့မေးခွန်းလေးဟာ ကလေးတွေရဲ့စာသင်ခန်းကိုကျော်ပြီး ပတ်ဝန်းကျင်ကို မြင်တတ်လေ့လာနိုင်အောင် လေ့ကျင့်ပေးတဲ့ မေးခွန်းပါ။ အဲဒီအတွက် ကလေးဟာ သူရဲ့ပတ်ဝန်းကျင်မှာ သူမြင်ဖူးတဲ့ အပင်ငါးမျိုးကို ဖြေနိုင်ပါတယ်၊ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပါတယ်။ ဆရာမပြောတဲ့ အပင်ငါးမျိုးသာ အမှန်ဆိုတဲ့ ဘောင်ခတ်တာမရှိရပါ။ အတန်းထဲက ကလေး ၂၀ ရဲ့ အဖြေတွေဟာ ကွဲပြားပေမယ့် “အပင်”အမည် ငါးမျိုးဖြစ်ရင် မှန်ပါတယ်၊ အားလုံးမတူနိုင်ပါ၊ အဲဒီလိုပဲ ပန်းငါးမျိုး၊ အသီးငါးမျိုး၊ တိရစ္ဆာန် ငါးကောင်ဆိုတာမျိုးလည်း မေးနိုင်ပါတယ်။ အဲဒီအခါမှာ ကလေးဟာ မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပန်း၊ အသီး၊ တိရစ္ဆာန်တွေကို မှတ်သားပါတယ်။ ဒါဟာ ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်မှ အမှတ်ရတယ်ဆိုတဲ့ ဆွဲဆောင်မှုနဲ့ မိမိဝန်းကျင်ကို အမြဲလေ့လာတတ်ပြီး ကျောင်းနှင့် ပတ်ဝန်းကျင်ဟာ ဆက်စပ်မှုရှိတယ်ဆိုတဲ့ အလေ့အကျင့်ရအောင် ဉာဏ်အမြဲတမ်းပွင့်စေတဲ့ သင်ကြားနည်းပါ။

အဲဒီသဘောမျိုးမဟုတ်ဘဲ ဆရာ ဆရာမက အပင်အမည် ငါးမျိုး၊ ပန်းငါးပွင့်၊ တိရစ္ဆာန်ငါးကောင်ကို ရေးပေး၊ အဲဒါကို အလွတ်ကျက်ပြီး(ယနေ့ ကျွန်တော်တို့ဝန်းကျင်မှာက ဆရာမရေးပေးတဲ့ ပန်းငါးမျိုးကလွဲ၍ မရေးရပါ၊ အဆိုးဆုံးက ပန်းငါးပွင့်ကတော့ မှန်တယ်၊ ဆရာမရေးပေးတာကို ရှေ့နောက်မှားရင်တောင် အမှတ်လျှော့ပါတယ်၊ အဲဒီလို လူမျိုးဟာ ဆရာ ဆရာမဖြစ်သင့်သူ မဟုတ်ပါ။)

စာမေးပွဲမှာ ပြန်ရေးခဲ့လျှင် ကလေးများ၏စာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ် မြင်တတ်တဲ့ ဉာဏ်အမြင်အာရုံကို ပိတ်လိုက်တာပါပဲ၊ စာအုပ်ဘောင်ထက် ပိုမြင်နိုင်စွမ်းမရှိအောင် ပိတ်ထားလိုက်ခြင်းပါ၊ ကလေးတွေရဲ့ မိမိပတ်ဝန်းကျင်ကို လှမ်းကြည့်နိုင်စွမ်းတည်းဟူသော ပညာအခြေခံတဲ့ အမြင်တံခါးပိတ်ပြီး ကျောင်းအခန်း၊ သင်ခန်းစာဘောင် အပြင်ဘက်ကို မြင်ခွင့်မရှိအောင် လုပ်လိုက်တာပါ။ စာနဲ့ပိတ်လှောင်ခံရတော့ အပြင်ကို မမြင်တော့ပါ၊ မိမိပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိတဲ့နေရာ၊ အဲဒီလိုဖြစ်အောင် လေ့ကျင့်ပေးနေတဲ့ ကျောင်းဟာ အကျဉ်းထောင်နဲ့ ဘာများထူးပါသေးသလဲလို့ ကျွန်တော် ဆိုချင်ပါတယ်။ ပိတ်နေတဲ့ကျောင်း၊ သင်ခန်းစာနှင့် စာမေးပွဲအမှတ်ကလွဲလို့ ဘာမှ မြင်အောင်မလုပ်ပေး၊ မလေ့ကျင့်ပေးတဲ့ ကျောင်းဟာလည်း နံရံလေးဘက်ကာရံထားတဲ့ “ထောင်”လို ဖြစ်နေပါလိမ့်မယ်။

ပညာရေးပညာရှင်တွေရဲ့ အဆိုအရ “အိမ်မှာမိဘကို ဝိုင်းကူလုပ်တဲ့”ကလေးတွေဟာ အတန်းကို ခေါင်းဆောင်နိုင်စွမ်းရှိပြီး စာမှာလည်း တော်တယ်၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိတယ်၊ ပေးအပ်တဲ့တာဝန်ကို အကောင်းဆုံး ဆောင်ရွက်နိုင်စွမ်းရှိသလို လူမှုဆက်ဆံရေးနယ်ပယ်မှာလည်း ထူးချွန်တယ်ဆိုတာပါပဲ။ ဒါ့အပြင် ကျောင်းမှာ ငူတူတူ ငိုင်တိုင်တိုင်နဲ့ အိပ်မပျော်ဖြစ်နေတဲ့ ကလေးတွေကို အချိန်လုံလုံလောက်လောက်ပေးပြီး ကစားခိုင်းတဲ့အခါ ငူတူတူနဲ့ အိပ်မပျော်တာတွေပျောက်ပြီး သွက်လက်လာကာ “စာ”လည်း ပိုတော်လာတာ တွေ့ရပါတယ်လို့ ဆိုပါတယ်။ စာကျက် ပျက်တယ်၊ မကစားနဲ့၊ အိမ်အလုပ်မခိုင်းနဲ့ဆိုတဲ့ မိဘတွေ သားသမီးကို ထူးချွန်မှုကင်းအောင် လုပ်နေတယ်ဆိုတာ သတိပြုရပါလိမ့်မယ်။ ပြောင်းပြန်ရလဒ်က စာချည်းပဲ လုပ်နေဖို့ အခိုင်းခံနေရတဲ့ ကလေးတွေဟာ ထုံထိုင်းပြီး ရောဂါဘယ ထူလာပါတော့တယ်။ “စာဒဏ်ပိ”မှုကို ခံရတာပါတဲ့။ ကျောင်းဟာ အကျဉ်းထောင်လို စာဖြင့်ဒဏ်ပေးပြီး လေ့ကျင့်တဲ့အရပ်မဟုတ်ပါ။ ဘဝပြဿနာများကို ဉာဏ်ပညာဦးဆောင်မှုနဲ့ ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ပေးတဲ့နေရာပါ။ ကျောင်းဟာ ကလေးတွေကို ဒဏ်ပေးတဲ့ ဝန်းကျင်မဟုတ်ပေမယ့် ယနေ့ကျွန်တော်တို့ရဲ့ ကလေးတွေကို နားချိန်မပေးဘဲ အချိန်တိုင်းကိုစာဖြင့် ဒဏ်ပေးသလို လုပ်ဆောင်နေကြပါတယ်။ အပြစ်ကင်းစင်တဲ့ အနာဂတ်ရဲ့ ရတနာတွေကို ဘာကြောင့် ဒဏ်ပေးသလို လုပ်နေကြပါလိမ့်။ မိဘတွေရဲ့ ပညာဖြင့် မယှဉ်တဲ့ ဆန္ဒလွန်ကဲမှုနှင့် ဆရာတွေရဲ့ “စာမေးပွဲရမှတ်နောက်လိုက်မှု”ကြောင့်လို့ မြင်မိပါတယ်။ မည်သည့် ဒဏ်ပိမှုကြောင့်မှ ကလေးရဲ့ဖွံ့ဖြိုးမှု နှေးကွေးစေပြီး သူတို့ရဲ့ အနာဂတ်ဘဝ နုံချာစေတာမျိုးကို မလုပ်ဆောင်သင့်ပါ။

**စာမျက်နှာ ၁၀ သို့ ○**

## မန္တလေး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲပြသ

**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေးအသိပညာပေးပြပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ မန္တလေးတိုင်းဒေသကြီး ရန်ကုန်-မန္တလေးကားလမ်းဘေးချမ်းမြသာစည်လေယာဉ်ကွင်း ဟောင်း၌ ကျင်းပလျက်ရှိသည်။**(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးပြည်သူ့ရဲတပ်ဖွဲ့ ရဲမှူးကြီးဇော်ဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြပွဲတွင် ပြန်ကြားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက ပြခန်းအသီးသီးဖွင့်လှစ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများကို ဆောင်ရွက်ကြသည်။ ကွန်ပျူတာအမေး အဖြေကဏ္ဍကိုလည်း ဖွင့်လှစ်ပေးထားပြီး မည်သူမဆို ဝင်ရောက်ဖြေဆိုခြင်းဖြင့် လက်ဆောင်ပစ္စည်းများကို ရယူနိုင်သည်။ ထို့ပြင် အထူးအစီအစဉ်အနေဖြင့် နေ့စဉ်ညနေ ၃ နာရီတွင် အနုပညာရှင်များက အမှတ်တရ လက်မှတ်ရေးထိုးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစီဒီခွေများ အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးမှ အလှူရှင်များက လှူဒါန်းထားသော ဆိုင်ကယ်စီးဦးထုပ်များကိုလည်း ပြပွဲလာပြည်သူများအား အခမဲ့ပေးဝေသွားမည်ဖြစ်ပြီး ပြခန်းအသီးသီးကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သော ပညာပေးစာစောင်များဝေငှကြသည်။

ဖျော်ဖြေရေး အစီအစဉ်လည်း ပါဝင်ပြီး The Trees Music Band နှင့်အတူ နိုင်ငံကျော်အဆိုတော်များ ဖြစ်ကြသည့် ဇော်ပိုင်၊ Rဇာနည်၊ ဟဲလေး၊ Lလွန်းဝါ၊ မျိုးကျော့မြိုင်၊ J Me၊ ရဲလေး၊ ထွန်းထွန်း၊ ဘန်နီဖြိုး၊ ဖြိုးငွေစိုး၊ နေမင်း၊ မြတ်သူအောင်၊ ထွန်းကိုကို၊ စမိုင်း၊ သီရိဆွေ၊ ဆုချစ်ဇော်၊ ဆုပန်ထွာ၊ ခင်လေးနွယ်၊ ပွင့်နဒီမောင်၊ ဝါဆိုမိုးဦး၊ စံရတီမိုးမြင့်၊ ရွှေစင်တို့က နေ့စဉ် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးအစီအစဉ်များကိုလည်း တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**



# စာရေးသည့်အခါ တည်တည်ငြိမ်ငြိမ်ထိထိမိမိ မှန်လည်းမှန် အကျိုးလည်းရှိ ရေးနိုင်ရန်လို၊ ကလောင်မရမ်းရန် သတိထား

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင်က နတ်တော်လဆန်း(၁)ရက် စာဆိုတော်နေ့ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံ စာရေးဆရာအသင်းက အသက်(၈၀)နှင့် အထက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါကြောင်း၊ စာပေပညာရှင်ကြီးများရေးသား ပြုစုခဲ့ကြသော သုတစာပေ၊ ရသစာပေတို့ကို ဖတ်မှတ်လေ့လာခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအသိအလိမ္မာ ဉာဏ်ပညာကြီးမြင့်ခြင်း၊ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးစိတ်ဖြစ်ပေါ်ခြင်း၊ အမှန်(မြင်းမူမောင်နိုင်မိုး) က အလှူရှင်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့်ဗဟိုအမှုဆောင်များ၊ မြို့နယ်များမှ စာရေးဆရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြန်မာ့ဓလေ့ထုံးစံအတိုင်း လက်အုပ်ချီမိုးကန်တော့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းနှင့် အလှူငွေများကို လက်ရောက်ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်များကိုယ်စား ဦးသန်းဦး(ပြည်စိုးမင်း) က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် အသက်(၈၀)ကျော် စာရေးဆရာကြီးများ ပူဇော်ကန်တော့ပွဲကို ဖြစ်မြောက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်စေတနာရှင်၊ အလှူရှင်၊ ပါရမီရှင်များနှင့် ဝိုင်းဝန်းပံ့ပိုးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ စာဆိုတော်များအား ထိုက်တန်စွာပူဇော်ကန်တော့ကြသည့်အတွက် မြတ်စွာဘုရားရှင်ဟောကြားသည့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသည့် အကျိုးကျေးဇူးလေးပါးကို မတောင်းဘဲနှင့်ရရှိကြမည်ဖြစ်ပါကြောင်း။

> **စာဆိုတော်များ၊ စာရေးဆရာများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံး ဆုံးဖြတ်မြင်သိသည့် ပုဂ္ဂိုလ်များဖြစ်။**
>
> **စာပေများရေးသားကြသည့်အခါ မှန်ကန်ခြင်းတစ်ခုတည်းဖြင့် ရေးသား၍ မရ။**
>
> **တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး၊ စာပေအကျိုး၊ စာဖတ်သူအကျိုး၊ စာရေးသူအကျိုးများရှိမှသာ ရေးသား။**

နှင့်အမှား၊ တရားမှုနှင့် မတရားမှု၊ အကောင်းနှင့် အဆိုး၊ အကျိုးနှင့်အပြစ်တို့ကို ခွဲခြားသိမြင်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိကြပါကြောင်း၊ ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကျေးဇူးမှာ ကြီးမားလှသဖြင့် ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိတို့ကို ဆင်ခြင်အောက်မေ့၍ ပူဇော်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါ ကြောင်းဖြင့် ပြောကြားသည်။

ယခုနှစ်တွင် သက်ကြီးစာပေပညာရှင် ၁၇၁ ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းတစ်သောင်းနှင့် Skynet ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)က အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်များနှင့်ပရိသတ်အား မိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ရန်ပုံငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်

ဒုတိယအချက်အနေဖြင့် မျိုးဆက်သစ်စာရေးဆရာများကို ရည်ညွှန်းပြောလိုသည်မှာ ကျေးဇူးရှင် မန်လည်ဆရာတော်ကြီး၏ နဝရတ်ကိုးသွယ်၊ နဝရတ်ကိုးပါးဖြစ်သည့် တိုင်းပြည်က အားကိုးအားထားရသည့် ပုဂ္ဂိုလ်ကိုးပါးအကြောင်းကို ပြောလိုပါကြောင်း၊ ယင်းကိုးပါးထဲတွင် စာဆိုတော်များ၊ စာရေးသူများလည်း ပါဝင်ပါကြောင်း၊ ပြည့်ဦးကင်းဖြစ်သည့် သေနာပတိ၊ မှူးမတ်များကိုလည်း



မနှိမ်ရန်၊ သီလသမာဓိနှင့်ပြည့်စုံသည့် ပြည့်တံခွန်များဖြစ်သော မဟာထေရ်များကိုလည်း မနှိမ့်ချရန်၊ ပြည့်မျက်စိဖြစ်သည့် စာရေးဆရာများကိုလည်း မပိတ်ပင်ရန်ဆိုပြီး ရှိပါကြောင်း၊ စာရေးဆရာများနှင့်ပတ်သက်၍ "နေ့ညမြင်သိ ပြည့်မျက်စိ"၊ "အတိတ်၊ အနာဂတ်ဆုံးဖြတ် မြင်သိပြည့်မျက်စိ"ဆိုသည့် အဆိုအမိန့်နှစ်ခုရှိကြောင်း၊ စာဆိုတော်များ၊ စာရေးဆရာများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးလုံးဆုံးဖြတ်မြင်သိသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် စာပေများရေးသားကြသည့်အခါ မှန်ကန်ခြင်းတစ်ခုတည်းဖြင့် ရေးသား၍ မရပါကြောင်း၊ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး၊ စာပေအကျိုး၊ စာဖတ်သူအကျိုး၊ စာရေးသူအကျိုးများရှိမှသာ ရေးသားကြရန် မန်လည်ဆရာတော်ကြီးက မိန့်ကြားထားပါကြောင်း၊ ယင်းမှာ စာရေးသူများကို ရည်ညွှန်းပြီး ပြောကြားလိုခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတကာသို့ စေလွှတ်ထားသည့်သံတမန်များမှာ ပြည့်နားများပင်ဖြစ်ပါကြောင်း၊ ယင်းတို့၏ နားကိုလည်း ပိတ်ပင်၍ မရပါကြောင်း၊ သူတို့သည် နိုင်ငံအသီးသီးမှ ကြားသိလာသည့် သတင်းများကို တိုင်းပြည်သို့ တင်ပြရန်ဖြစ်ပါကြောင်း၊ ပြည့်အစွယ်ဖြစ်သည့် အမျိုးကောင်းသားများကိုလည်း မချိုးနှိမ်ရပါကြောင်း၊ အလားတူ အဖိုးတန်အမျိုးသမီးလေးများဖြစ်သည့် ပြည့်မျက်နှာကိုလည်း မညှိုးစေရပါကြောင်း၊ သူဌေးသူကြွယ်များဖြစ်သည့် ပြည့်ဝမ်းကိုလည်း မဖောက်ရပါကြောင်း။

ပြည့်ခြေ၊ ပြည့်လက်များဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း မချိုးနှိမ်ရ၊ မပယ်၊ မဖျက်ရပါကြောင်း၊ နဂရဝတ်အားလုံး ကိုးပါးရှိပါကြောင်း။

ယင်းကဲ့သို့ ဆရာဇော်ဂျီသည်လည်း စာရေးဆရာများ၊ စာရေးသည့် ပုဂ္ဂိုလ်များသည် စကားပဲပြောပြော၊ စာပဲရေးရေး၊ ဆုတ်သာ၊ တက်သာ ပြောတတ်ရမည်၊ မလွန်ပါစေနှင့်၊ မကျွံပါစေနှင့်ဟု ပြောသွားပါကြောင်း၊ သို့ဖြစ်၍ စာရေးသည့်အခါ ကလောင်သစ်များ၊ မျိုးဆက်သစ်ကလောင်များကို မှာလိုသည်မှာ တည်တည်ငြိမ်ငြိမ်ဖြင့်၊ ထိထိမိမိဖြင့်၊ မှန်လည်းမှန်ရမည်၊ အကျိုးလည်းရှိရမည်၊ ရဲရဲဆုံးဖြတ်ပြီး ရေးနိုင်ရန် လိုပါကြောင်း၊ သို့ရာတွင် ကလောင်မရမ်းရန် သတိထားရန် တိုက်တွန်းလိုပါကြောင်း။

တတိယအချက်အနေဖြင့် စာရေးဆရာများသည် အသက်(၈၀)ကျော်ပြီဖြစ်သည့်အတွက် အချို့ပုဂ္ဂိုလ်များက ဆေးဝါးကုသရန် လိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ နှစ်စဉ်ကန်တော့ပွဲအပြင် လိုအပ်သည့်အခါ ကျန်းမာရေး ဆေးဝါးအထောက်အကူပြုနိုင်ရန် ဆေးပဒေသာပင်တစ်ခုကို ထူထောင်ရန် အကြံဉာဏ်ပေးလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယခုနှစ် ပူဇော်ကန်တော့ပွဲတွင် အလှူရှင် ၁၁၁ ဦးက အလှူငွေ ၄၅၃၀၇၇၉၁ ကျပ်နှင့် ငွေကျပ် ၄၁ သိန်းကျော်တန်ဖိုးရှိ ပစ္စည်းများ စုစုပေါင်းငွေ ၄၉၄၀၇၇၉၁ ကျပ်ကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂-၁၂-၂၀၁၃ (တနင်္လာနေ့)**
**[၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ် (ဥပုသ်နေ့)]**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော် |
| ၁၀း၁၅ | "မသန်စွမ်းသူဆိုပေမယ့် မစွမ်းဆောင်နိုင်သူ မဟုတ်ပါ" |
| ၁၀း၃၀ | "ရေဆန်စီးတဲ့မြစ်" |
| ၁၂း၂၅ | ဆေးရောင်စုံရုပ်ရှင် "ငါသူတစ်ပါးယောကျ်ားမိန်းမ" (ရန်အောင်၊လွှင်မိုး၊ကျော်ဇေယျ၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ - ပန်းချီစိုးမိုး) |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (သတ္တဗေဒ) |

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညီလာခံ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အင်ဒိုနီးရှားသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် အင်ဒိုနီးရှားနိုင်ငံဘာလီ၌ ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်ထိ ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများအဆင့် ညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၉ နာရီတွင် Kantharyar Consotium Tower ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မြန်မာဂေါက်သီးရိုက် ကစားသမားများ အရည်အချင်းစဉ်ဆက်မပြတ် တိုးတက်နေစေရန် ရည်ရွယ်၍ Best Tech Golfers Group မှ အဓိကကူညီပံ့ပိုးသော Myanmar Professional Golfers Development Tournament ကို ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲမှာ (၃၆) ကျင်းပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် Myanmar PGA အသင်းဝင်များသည် ဒီဇင်ဘာ ၄ ရက် နောက်ဆုံးထား၍ ဦးမျိုးဝင်းထွန်း ဖုန်း ၀၉-၅၁၂၁၈၄၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Royal Mingalardon Golf & Country Club မှလည်း ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

○ စာမျက်နှာ ၆ မှ

ယနေ့ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ ကလေးတွေဟာ မနက်အိပ်ရာထတာနဲ့ ကျူရှင်သွား၊ ပြီးတော့ ကျောင်းဆက်ပို့၊ ကျောင်းကဆင်းရင် ကျူရှင်နောက်တစ်ခါ ဆက်သွား၊ ကျူရှင်ကပြန်လာရင် "Guide" ဆိုသူနဲ့ စာကြည့်၊ Guide ကစာတွေထပ်ပေး၊ ပြီးတော့အိပ်ရာဝင်၊ ကလေးဟာ နံနက်နိုးလာတော့ အရင်လိုပဲ "စာ သံသရာ"ထဲ ထပ်လည်ပြန်၊ အဲဒီလိုနဲ့ ကျောင်းနေတဲ့ကလေးတွေ ဟာ လူ့တန်ဖိုးအစစ်တွေကို မြင်နိုင်စွမ်းမရှိအောင် စာနဲ့ပိတ်ခြင်းခံရပြီး ပတ်ဝန်းကျင်အကြောင်းသိဖို့ အခွင့်အရေးမရပါ။ လူ့တန်ဖိုးအစစ်တပ်ဆင်ဖို့ အချိန်မပေးနိုင်တော့ပါ။

အဲဒီလိုစာနဲ့ ပိတ်ထားလို့ "စာနံ့ရံနဲ့ ပိတ်လှောင်ခံရသူတွေ" ဘဝရောက်နေတဲ့ကလေးတွေ ကျွန်တော်တို့ဝန်းကျင်မှာ ဒုနဲ့ဒေးပေါ်ထွန်းနေပါတယ်။ အဲဒီလို "စာထောင်"၊ "သင်ခန်းစာဘောင်ထဲ"မှာ သာကျင်လည်နေပြီး လူမှုဝန်းကျင်နှင့် ကင်းကွာနေတဲ့ ကလေးတွေဟာ ဘယ်လောက်အဆင့်မြင့်ဘွဲ့တွေ ရနေပါစေ "ကျန်းမာရေး၊ စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်ဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ စာနာတတ်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ထားနူးညံ့သိမ်မွေ့မှု၊ ပြဿနာကိုကျိုးကြောင်းခိုင်လုံစွာဖြေရှင်းနိုင်မှု၊ စရိုက်မတူသူတွေနဲ့ ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု"စတဲ့ "လူ့တန်ဖိုးစစ်စစ်"တွေ ပါမလာနိုင်တော့ပါ။ လူ့တန်ဖိုးအစစ်အမှန် ကင်းမဲ့တဲ့ကလေးဟာ မိမိဝန်းကျင်ကို ဘယ်လိုခေါင်းဆောင်နိုင်မှာလဲ၊ "လူတော်"ဆိုတဲ့ စကားနဲ့ "စာတော်သူ" နဲ့ဟာ တခြားစီပါ။ အဓိက ပိုတော်၊ ပိုသာရမှာက စိတ်ထားပါ။ လူမှာ "စိတ်ထားတော်"မှ လူကောင်းပါ။ ကျောင်းရဲက အဓိကတာဝန်က အဲဒီလို စိတ်ထားတော်တဲ့ လူကောင်းတွေ ပေါ်ထွန်းရေးပါ။ လိမ္မာယဉ်ကျေးသူများ မွေးထုတ်ရေးပါ။ စိတ်ထားတော်ပြီး ကောင်းတဲ့လူကိုမှ ဉာဏ်ပညာတော်အောင် ထပ်ဆောင်းလေ့ကျင့်ပေးပြီး ကောင်းသလောက်တော်တဲ့ "လူကောင်းလူတော်"တွေ မွေးထုတ်ပေးတဲ့အရပ်ပါ၊ "စာတော်"ရုံသက်သက်ဆိုတဲ့ အဆင့်နိမ့်လူသားမွေးတဲ့ နေရာမဟုတ်ပါ။

အားလုံးကို ခြုံကြည့်ရင်တော့ "ကျောင်းဆိုတာကလေးတိုင်းရဲ့ ဉာဏ်အမြော်အမြင်တံခါးကို ပွင့်သွားအောင် လေ့ကျင့်ပေးတဲ့ နေရာပါ။ ဒါကြောင့် လူ့အသိုင်းအဝိုင်း အားလုံးကတော့ ကျောင်းဟာထောင်နဲ့ မနှိုင်းအပ်တဲ့အရာလို့ လက်ခံထားပါတယ်။ တကယ်မနှိုင်းယှဉ်အပ်တဲ့အရာ ဖြစ်ဖို့ကတော့ ကျွန်တော်တို့ မိဘဆရာတွေဟာ ကလေးရဲ့ဉာဏ်အမြင်ကိုဖွင့်ပေးဖို့အဓိကပါ၊ သူတို့ရဲ့ အနာဂတ်ရောင်ခြည်တံခါးမပိတ်မိရန်သတိရှိဖို့ပါ၊ ကျွန်တော်တို့ရဲ့ ကလေးတွေကို "စာတော်မှလူတော်"ဆိုတဲ့ ကျွန်တော်တို့ရဲ့ အယူမှား ကိုဖျောက်ပြီး လေ့ကျင့်ပေးမှ ကလေးတွေ "စာထောင်ချောက်"ထဲကို မကျမှာ၊ အဲဒီထောင်ချောက်ထဲ မကျရလေအောင် ကျောင်းတွေမှာအားကစားအသင်း၊ ကြက်ခြေနီအသင်း၊ ပန်းချီ၊ ဂီတ၊ အနုပညာအသင်း၊ ဟောပြောပွဲအသင်း၊ လေ့လာ ရေးအသင်း၊ စာကြည့်တိုက်အသင်း၊ အိမ်တွင်းမှုအသင်း၊ စိုက်ပျိုးမွေးမြူရေးအသင်းတွေရှိပြီးအဲဒီ အသင်းတွေရဲ့လှုပ်ရှားမှုမှာ ကလေးတွေတက်တက်ကြွကြွ ပါဝင်နေရပါမယ်။ အဲဒီလှုပ်ရှားမှုတွေမှာ ပါဝင်နေမှ မိတ္တဗလကြွယ်ဝမှာ၊ လူမှုဆက်ဆံရေးကောင်းမှာ။ လူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီးနေသွားရမယ့် လူ့သက်တမ်းက ကျောင်းမှာနေရတဲ့ကာ လထက်ပိုကြာပါတယ်။ ဒါမှသာ အပြင်လောကထဲရောက်သွားရင် ပြည်သူ့နီတိ၊ ကိုယ်ကျင့်တရားလောကဝတ်၊ ယဉ်ကျေးပျူငှာတာနဲ့ သည်းခံနိုင်မှုတို့ပြည့်ဝပြီး လူမှုဆက်ဆံရေး ကောင်းမွန်သူအဖြစ် ရပ်တည်နိုင်မှာ။

အချုပ်အားဖြင့် ကျောင်းဆိုတာ ထောင်နှင့်မနှိုင်းအပ်တဲ့နေရာဖြစ်စေရန်အတွက် အနာဂတ်သားကောင်းတွေကို-

(က) သင်ခန်းစာဘောင်ဖြင့် ပတ်ဝန်းကျင်ကိုကြည့်မြင်နိုင်စွမ်းမရှိအောင် ပိတ်လှောင်မထားအပ်ပါ၊

(ခ) ဉာဏ်မျက်စေ့ကိုပိတ်စေတဲ့ သင်ကြားနည်းဖြင့်မသင်ကြားအပ်ပါ။

(ဂ) စာဖြင့်ဒဏ်ပိတ်နေအောင် မပြုမူအပ်ပါ။

အဲဒါတွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့-

(၁) သင်ခန်းစာကိုအခြေခံပြီး ပတ်ဝန်းကျင်ကိုကြည့်တတ် မြင်တတ်တဲ့ ဉာဏ်ပညာတံခါးပွင့်လာအောင် သင်ကြားပေးရန်။

(၂) "ဉာဏ်ပိတ်တဲ့အသေမှတ်" အကျင့်ကင်းကာ တွေးတတ်၊ ခေါ်တတ်ပြီး မြော်မြင်နိုင်စွမ်းရှိသည်အထိ လေ့ကျင့်ပေးရန်။

(၃) စာဒဏ်ကင်း၍ အမြဲတမ်းကိုယ်စိတ်ကျန်းမာပြီး ပျော်ရွှင်တက်ကြွသူများဖြစ်လာစေရန် ဖွံ့ဖြိုးရေးအချိန်များ ကို ထိထိရောက်ရောက်အသုံးချလေ့ကျင့်ပေးနိုင်ဖို့ လိုပါတယ်။ ဒါမှသာ "ကျောင်း" ဆိုတာပီသမှာပါ။ သို့ပါ၍ မိဘ ဆရာပူးပေါင်း၊ ကလေးအလိမ္မာအပေါင်းခညောင်းပြီး ပညာကောင်းတဲ့ တန်ဖိုးမြင့်နိုင်ငံသားစိတ်ဓာတ်တွေ ပိုင်ဆိုင် ဖို့အတွက် ဉာဏ်မျက်စေ့ကိုပွင့်စေတဲ့ "ကျောင်းကောင်း" တွေ များများပေါ်ထွန်းအောင် ဝိုင်းဝန်းပံ့ပိုးတည်ထောင်ပေးကြရန် မိဘ၊ ဆရာများနှင့် ပညာရေးမှာ တာဝန်ရှိသူတွေအားလုံးကို မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ။




## (၂၉၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ (၂၉၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ၁-၁၂-၂၀၁၃ ရက် ထွက်ပေါ်လာသောဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**အထူးဆုကြီးတစ်ဆုကျပ်သိန်း (၁၅၀၀)**

စ-၂၄၃၆၄၃

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၁၀၀၀)**

ကခ-၇၆၉၅၁၉

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၅၀၀)**

ဏ-၄၃၃၈၉၇

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၃၀၀)ဆု**

ဆ-၈၆၂၂၇၀
ထ-၅၆၁၈၂၉
ကခ-၉၀၀၀၉၉

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း (၂၀၀)ဆုများ**

| | |
|---|---|
| တ-၉၁၀၁၆၃ | ယ-၅၆၁၆၈၅ |
| ကခ-၉၂၂၉၅၅ | ဟ-၂၉၄၆၀၂ |
| စ-၉၄၁၀၁၁ | ခ-၅၀၇၂၅၄ |
| ဘ-၇၇၇၈၇၇ | |

**ကျပ်သိန်း (၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

| | |
|---|---|
| ဘ-၄၅၉၁၉၁ | တ-၆၇၅၁၂၇ |
| ရ-၈၁၃၂၃၁ | ဘ-၈၅၂၁၆၂ |
| က-၄၈၈၄၄၃ | ကဂ-၈၂၄၇၂၂ |
| န-၁၂၉၄၈၁ | ဝ-၉၂၀၅၅၄ |
| ယ-၂၂၆၉၁၅ | လ-၃၆၆၁၃၃ |
| ဂ-၁၄၀၈၇၃ | ရ-၄၁၆၉၂၇ |
| မ-၇၃၀၉၈၉ | ဗ-၇၉၄၀၀၁ |
| ဋ-၆၄၉၀၅၃ | ဖ-၃၁၄၃၁၇ |

❖ **ရွှေဂုံတိုင်မှ**

ခုံးကျော်တံတား တည်ဆောက်သည့် တာဝန်ခံအင်ဂျင်နီယာက "တံတားကြီး အခုလိုပြီးစီးတာဟာ လုပ်ကိုင်သူအားလုံး နေ့မအားညမနား တက်ညီလက်ညီ ဆောင်ရွက်ကြလို့ပါပဲ၊ တံတားကြီး ပြီးသွားပြီဆိုတော့ ယာဉ်ကြောကျပ်တည်းမှု သက်သာသွားတာဟာ ပြည်သူတွေအတွက် ဝမ်းသာစရာပါပဲ" ဟု ပြောကြားသည်။

ယင်း ခုံးကျော်တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်မောင်းကလည်း "အရင်ကဆိုရင် ရွှေဂုံတိုင်ဘက်ကဖြတ်ရမှာကြောက်တယ်။ ယာဉ်ကြောပိတ်ဆို့တာက မိနစ် ၃၀၊ ၄၅ မိနစ်လောက်ကြာတဲ့အတွက် ခရီးသည်အတွက်ရော ယာဉ်မောင်းသူတွေအတွက်ပါ အခက်အခဲဖြစ်ရပါတယ်။ တံတားကြီးပြီးစီးသွားပြီဆိုတော့ အချိန်တွေပိုထွက်လာတာပေါ့"ဟု ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် ဧပြီလတွင် လှည်းတန်းခုံးကျော်တံတား၊ အောက်တိုဘာလတွင် ဘုရင့်နောင်နှစ်ထပ်ခုံးကျော်တံတားနှင့်ဒီဇင်ဘာလတွင် ရွှေဂုံတိုင်ခုံးကျော်တံတားတို့ တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

## မှတ်တိုင်တွင် အချိန်ကြာမြင့်စွာရပ်တန့်၍ လူအတင်အချပြုလုပ်နေ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီက ဦးဆောင်ကြပ်မတ်၍ ယာဉ်မတော်တဆမှုကြောင့် မိဘပြည်သူ၊ ကျောင်းသားကျောင်းသူများ အသက်အန္တရာယ်မဖြစ်ပွားစေရန်နှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ခရီးသည်တင်ယာဉ်လိုင်းများအား စနစ်တကျမောင်းနှင်ကြရန် ပညာပေးကြပ်မတ်ဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသော်လည်း ရန်ကုန်(မြောက်ပိုင်း)ခရိုင် လှိုင်သာယာမြို့နယ်အတွင်း ခရီးသည်တင်ယာဉ်အချို့သည် ရပ်ချတင်ထွက်စနစ်ကို မျက်ကွယ်ပြုကာ မှတ်တိုင်မဟုတ်သည့်နေရာနှင့် သတ်မှတ်နေရာတို့တွင် အချိန်ကြာမြင့်စွာရပ်တန့်၍ ခရီးသည်စောင့်ဆိုင်းခြင်း၊ ရန်ကုန်-ညောင်တုန်း လမ်းမရုံးရှေ့မှတ်တိုင်အနီးတွင် စည်းကမ်းမဲ့စွာ မော်တော်ယာဉ်အား ရပ်တန့်၍ ခရီးသည်တင်၊ ချပြုလုပ်နေကြသည်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့မြင်ခဲ့ရသည်။**(အောက်ပုံ)**

**(မင်းထက်ပိုင်-လှိုင်သာယာ)**



## ယာဉ်+ကုန်တန်ချိန် သတ်မှတ်ချက်နှင့်အညီ အသုံးပြုမှုအားနည်း

**ရန်ကုန် ဒီဇင်ဘာ ၁**

နိုဝင်ဘာ တတိယပတ်ကုန်မှစ၍ ကွန်ကရစ်လမ်းအဖြစ် သက်ဆိုင်ရာမှ ခင်းနေသော ဘုရင့်နောင်ပွဲရုံဝင်းရှေ့ ထိခုံးကျော်တံတား အတက်အဆင်း ဘုရင့်နောင်လမ်းမကြီး၏ ကျန်ရှိနေသေးသော ပွဲရုံဝင်းဘက်ခြမ်းရှိ အစွန်ဆုံးယာဉ်ကြောကို နိုဝင်ဘာ ၂၉ ရက် နေ့လယ်ပိုင်းက စတင်ခင်းကျင်းနေရာ ယုဇနလမ်းဝင်/ထွက်ပေါက်ထိပ် အပိုင်းနေရာတွင် ကွန်ကရစ်ခင်းပြီး နာရီအနည်းငယ်အကြာတွင် ခြောက်ဘီးကွန်တိန်နာယာဉ်တစ်စီး ဝင်ရောက်လာသဖြင့် အဆိုပါလမ်းပိုင်းလေးကန့်စာနေရာကို နိုဝင်ဘာ ၃၀ ရက်တွင် ညပိုင်းအထိ လူအား၊ စက်အားဖြင့် ပြန်လည်တူးဖော် ဖျက်သိမ်းပြီး အသစ်ကွန်ကရစ်ခင်းရန် ပြင်ဆင်နေသည်ဟု အဆိုပါနေရာအနီးမှ ဈေးသည်တစ်ဦးက ဆိုသည်။

ခုံးကျော်တံတားအတက် ယာဉ်ကြောနှစ်ကြောစာ ယာဉ်သွားလာခွင့်ပြုထားပြီး လမ်းခင်းပြီးသော်လည်း ယာဉ်များ ခွင့်မပြုထားသေးသော ယာဉ်ကြောနှင့် ယာဉ်သွားလာခွင့်ပြုထားသော ယာဉ်ကြောများအကြား လမ်းတားတုံးများ တန်းစီကာရံထားကြောင်း၊ နိုဝင်ဘာ ၂၉ ရက် ည ၁၁ နာရီခွဲတွင် အင်းစိန်ဘက်မှလာသော ခြောက်ဘီး ကုန်သေတ္တာတင်ယာဉ်ဟီးနိုးရိန်းဂျားအဖြူရောင် YGN 6A/---- သည် အရှိန်ဖြင့် မောင်းနှင်လာရာ ယင်းနေရာအရောက် ရှေ့မှ ဝင်လာသော မော်တော်ဆိုင်ကယ်ကို ရှောင်လိုက်ရာမှ အစွန်ဆုံးကွန်ကရစ်ခင်းပြီးစ ယာဉ်ကြောပေါ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟု ညလုံးပေါက်ဈေးရောင်းသူများက ဆိုသည်။

ယင်းကားကို ဘုရင့်နောင်ပွဲရုံဝင်းကံ့ကော်လမ်းမကြီးရှိ ရဲကင်းနှင့်စခန်းအကျိုးဆောင်ရုံးအနီး သက်ဆိုင်ရာမှ ထိန်းသိမ်းထားပြီး အရေးယူရန်စီစဉ်ဆောင်ရွက်နေကြောင်း ယာဉ်ထိန်းလုပ်ငန်းဆောင်ရွက်နေသူတစ်ဦးက ဆိုသည်။

၂၀၁၁ ခုနှစ် ကုန်တင်ယာဉ်များ အာဆီယံစံချိန်စံညွှန်းအချိန်အတိုင်း ကုန်တင်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ဝင်ရိုးနှစ်ခုပါခြောက်ဘီးကုန်တင်ယာဉ်များအနေဖြင့် ယာဉ်+ကုန် ၁၆ တန်သာ တင်ဆောင်ခွင့်ရှိကြောင်း၊ ခြောက်ဘီး ကုန်သေတ္တာတင်ယာဉ် တစ်စီးလျှင် ယာဉ်+ကုန် ၃၅ တန်ဝန်းကျင်ရှိရာ ခွင့်ပြုယာဉ်+ကုန်တန်ချိန်၏ တစ်ဆနီးပါး ပိုမိုတင်ဆောင်နေကြောင်း၊ ရန်ကုန်မြို့တွင်း ကုန်သေတ္တာတင်ပို့ရောင်းချခွင့် လုပ်ငန်းများတွင် ခြောက်ဘီးယာဉ်များ အသုံးမပြုခြင်းနှင့် ယာဉ်+ကုန်တန်ချိန်သတ်မှတ်ချက်နှင့်အညီ နောက်တွဲပါကုန်ကားများဖြင့် ပြောင်းလဲအသုံးပြုခြင်းများကို လိုက်နာမှုအားနည်းနေကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများက ဆိုသည်။ **(မောင်စေအောင်)**

## မြန်မာ့အားကစားရွှေခေတ်ထွန်းသစ်ရမည်

○ အရှေ့တောင်အာရှပွဲ
ဆင်နွှဲဖို့အသင့်ပြင်၊
ဘောလုံးကန်ပြေးခုန်ပစ်နဲ့
တင်းနစ်စုံလင်၊
စက်ဘီးစီးရေကူးဒိုင်ဗင်
ယှဉ်ပြိုင်ကာရှေ့သို့လှမ်း
ဇာတိမာန်သတ္တိထူးနဲ့
ခူးဆွတ်အောင်ပန်း။
○ တို့မြန်မာအားကစား
ထင်ရှားခဲ့အာရှမှာ၊
ဟိုယခင်ရွှေရောင်ခေတ်
ထွန်းသစ်ခဲ့တာ။
အောင်မြင်မှုစဉ်အလာ
သယ်ဆောင်ကာလက်ဆင့်ကမ်း၊
တိုင်းပြည်ဂုဏ်တစ်ဖုံသစ်ရအောင်
ကုတ်ကျစ်ကာလုံ့လဇွဲနဲ့
အားခဲလို့လှမ်း။
○ ဒီဇင်ဘာဆီးဂိမ်းပွဲ
ဆင်နွှဲဖို့နီးလာပြီ၊
တို့မြန်မာပြည်သူများ
အားပေးကူညီ။
ပြိုင်ပွဲတိုင်းအောင်ရမည်
ဦးတည်ကာကြိုးစား၊
မြန်မာ့ဂုဏ်မွှေးထုံလန်းရအောင်
အစွမ်းကုန်သတ္တိဇွဲနဲ့
နွှဲကြစို့လား။ ။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့
ဂုဏ်ပြုကြိုဆိုလျက်

မောင်ထည်ဝါ(ပျော်ဘွယ်)

# ရွှေထီးအသစ် ဆောင်းလိုက်ပါ

### သတင်းမှတ်စု - ဇော်မင်းအောင် (၁၀၇)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာ တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်သည်။ ပြိုင်ပွဲဝင်ရန် ရက်ပိုင်းမျှသာလိုတော့သည်။ မြန်မာတစ်မျိုးသားလုံးလှည်းနေလှေအောင်း မြင်းဇောင်းမကျန် စိတ်အဝင်စားဆုံးမှာ "ဘောလုံး" ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘောလုံးကို ကလေး၊ လူကြီး၊ အမျိုးသမီးအဆုံး ဆော့ကစားတတ်ခါစမှစ၍ ဘောလုံးကန်လျှင်ပင် မျိုးလှိုင်ဝင်းကွ၊ ဝင်းအောင်ကွ၊ သန်းတိုးအောင်ကွ၊ အောင်ကျော်ကျော်ကွဟု ပြောဆိုကြသည်။

ရွှေခေတ်မဆိုထားဘိ ငွေခေတ်က ဘောလုံးသမားပင် ဒီနေ့ထိ နာမည်ကျန်နေဆဲဖြစ်သည်။ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူသော ခံယူချက်နဲ့ နိုင်ငံတော်အတွက် 'ရွှေ' ရအောင် ငါတို့အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ် ရင်ကိုမြေကတုတ်ပမာပြု၍ ကြိုးစားပါ။ ညီလေးတို့အတွက် အောင်မြင်မှုဟာ လက်တစ်ကမ်းမှာပါ။

ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုး၊ ကိုယ့်မြေ၊ကိုယ့်ကွင်းမှာ တရားသောယှဉ်ပြိုင် အနိုင်ယူခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြှင့်တင်လိုက်ပါ။ ကြိုးစားမှုဟာ အလကားမဖြစ်ပါဘူး။ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာပိုင်း မြင့်မားလာသလို ညီလေးတို့ ဘောလုံးသမားတွေလည်း ရွှေလည်ဆွဲပြီး သူဌေးဖြစ်မှာ အသေအချာပါ။

နိုင်ငံတော်သစ်၊ အစိုးရသစ်လက်ထက်မှာပွင့်လင်းမြင်သာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေ၊ကုန်သည်တွေ၊ အသင်းအဖွဲ့တွေ များပြားလာတာနဲ့အမျှ ညီလေးတို့ရဲ့ အောင်မြင်မှုကို နိုင်ငံတော်ရဲ့ ချီးမြှင့်မှုတွေနဲ့အတူ အဲဒီအဖွဲ့အစည်းအရပ်ရပ်များ၊ နိုင်ငံသူနိုင်ငံသားများက ရက်ရက်ရောရော ပေးကမ်းချီးမြှင့်ကြမှာပါ။ အဲဒီအောင်ပွဲအတွက်ဘာပဲလုပ်ပေးရ လုပ်ပေးရဆိုတဲ့သူတွေ ဒို့နိုင်ငံမှာ အများကြီးပါညီလေး။

အဲဒီတော့ ညီလေးတို့ဘက်က ရွှေရအောင်လုပ်ပေးဖို့ပဲ လိုတော့တယ်။ ဒါဆိုရင် ဘာလိုသေးလဲ ညီလေးရယ်။ "ရွှေတံဆိပ်" ပဲပေါ့။

ညီလေးတို့ ကစားရတဲ့ အုပ်စု (B) ကို ပြန်ကြည့်ရင် ကမ္ဘောဒီးယား၊ တီမောထိုင်း၊ အင်ဒိုနီးရှား၊ ဘယ်အသင်းကိုမှ ထည့်စဉ်းစားစရာမရှိဘူး။ ကမ္ဘောဒီးယား၊ တီမောဆိုတာ တစ်ရေးနိုးထကန် နိုင်ပါတယ်။ ဒါပေမယ့် ဂိုးရသလောက် သွင်းထားရမယ်။ အင်ဒိုနီးရှားဆိုတာကလည်း မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့တင် နိုင်ပါတယ်။ ထိုင်းအသင်းဆိုတာက မြန်မာ ယူ-၁၉ အသင်းကတောင် အနိုင်ကစားခဲ့သေးတာပဲ။

စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နဲ့ ဇွဲသတ္တိအပြည့် ရေကုန်ရေခန်း သူတင်ကိုယ်တင်ကစားရင် ဘာမှ မနိုင်စရာမရှိဘူး။

တစ်ဖက်အုပ်စုကိုပြန်လှေ့လာတဲ့အခါ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူတို့ပဲရှိပါတယ်။ မလေးရှားဆိုတာက မြန်မာအသင်းနဲ့ယှဉ်ရင် အသေးအမွှားပါ။ စင်ကာပူနဲ့ ဗီယက်နမ်ဆိုတာကလည်း ထည့်တွက်စရာ မရှိပါဘူး။ ဒါပေမယ့် လျှော့တွက်လို့တော့ မရဘူးနော်။ မင်းတို့ရဲ့နောက်မှာ ငါတို့ပြည်သူတွေရှိတယ်။ ဘာမှ မနိုင်စရာမရှိဘူး။ အဲဒီတော့ ပြည်သူတွေရဲ့ရှေ့မှောက်မှာ ကြိုးစားပြီး ရွှေဆု လည်မှာချိတ်ပြီး ခေါင်းမော့ပြလိုက်စမ်းပါ။

မင်းတို့အောင်မြင်မှုရဲ့နောက်မှာ ပံ့ပိုးမှုဆိုတာတွေထာဝရအပြည့်ရှိတယ်။ ပြည်သူတွေကလည်း ပြောကြတယ်။ ဘယ်အားကစားမှ ရွှေမရရင်နေပါ။ ဘောလုံးရွှေရရင်တော့ သေပျော်ပါပြီဆိုတဲ့သူတွေ ဒုနဲ့ဒေးပါ။

နိုင်ငံတော်အစိုးရသစ်လက်ထက် (၄၄)နှစ်ကြာမှရှားရှားပါးပါးတိုက်ဆိုင်ပြီး ကျင်းပခွင့်ရတဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ငါတို့လူမျိုးအသည်းစွဲ ဘောလုံးပြိုင်ပွဲမှာ ရွှေတံဆိပ်ရယူပေးလိုက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာတင့်တယ်မှု၊ ဘောလုံးအားကစားအောင်မြင်မှု၊ မြန်မာနိုင်ငံသားတို့အပေါ် နိုင်ငံတကာမှ လေးစားအထင်ကြီးမှုများသာမက နိုင်ငံရေးဂုဏ်သိက္ခာရှိမှု၊ နိုင်ငံတကာ ခရီးသွားများကိုပါ ဖိတ်ခေါ်ဆွဲဆောင်နိုင်မှု စသော မြန်မာနိုင်ငံသားတို့ရဲ့ ရိုးသား၊ ကြိုးစား၊ နိုးကြားမှုအပေါ် နိုင်ငံတကာမှ အသိအမှတ်ပြုလာမှာ ဖြစ်တယ်။

အခုလည်း MFF ဥက္ကဋ္ဌကြီးက ဆီးဂိမ်းပြိုင်ပွဲဝင်မယ့် ဘောလုံးအသင်းများအတွက် ကျပ်သိန်း ၂၄၀၀၀ ကျော် အကုန်အကျခံထားပြီး အမျိုးသားဘောလုံးအသင်းအတွက် ကျပ်သိန်း ၈၀၀၀ ကျော်သုံးစွဲထားကြောင်းနဲ့ နိုင်ငံတော်နဲ့ ကုမ္ပဏီများမှ လှူဒါန်းငွေနုတ်ပြီး လိုအပ်ငွေ ကျပ်သိန်း ၇၀၀၀ ကျော်ကို ကျွန်တော့်ရဲ့ Personal စိုက်ထုတ်ထားတဲ့ငွေဖြစ်ပါတယ်လို့ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။

အဲဒီလိုလူမျိုးကို မင်းတို့ရှာကြည့်စမ်းပါ။ သူ့အနေနဲ့ နိုင်ငံတော်အတွက်၊ ဒီဘောလုံးအောင်မြင်ဖို့အတွက် အဲဒီလောက် ငွေကြေးပုံအောထားတာကို ညီလေးတို့အနေနဲ့ နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို ပေးဆပ်လိုက်စမ်းပါ။

MFF ဥက္ကဋ္ဌကြီးအနေနဲ့ သူလိုချင်တာက မင်းတို့ရဲ့အောင်မြင်မှုကိုပါ။

အဲဒီတော့ ညီလေးတို့ကိုနောက်ဆုံးအနေနဲ့မှာချင်တာကတော့ "စိတ်ဓာတ်"၊ "ခွန်အား"၊ "သက်လုံ"၊ "ဇွဲ"၊ "ကြံ့ခိုင်"၊ "ဖျတ်လတ်ကျွမ်းကျင်မှု"နှင့် လေ့ကျင့်သားပြည့်ဝနေပြီဖြစ်၍ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား ကြိုးစားကစားပြီး ယနေ့ နိုင်ငံတော်အစိုးရသစ်လက်ထက် ဒီမိုကရေစီသစ်လမ်းကြောင်းပေါ်မှာ ရွှေထီးအသစ်ဆောင်းပြီး နာမည်ကျန်အောင် ကမ္ပည်းထိုးလိုက်စမ်းပါဟု.......။ ။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး၊ ဆီဟောင်း(Sludge Oil)များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက် - ၁၁-၁၂-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂-၁၂-၂၀၁၃ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၁၉ သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

















# နိုင်ငံတော်၏ရတနာ လေဆိပ်ပန်းချီလက်ရာ

**(ယမန်နေ့မှအဆက်)**

ထိုနာရီကြီးကို ပန်းချီကားနှင့် ပေါင်းစပ်မိစေရန် မြန်မာ ဆန်ဆန်နာရီစင်တစ်ခု ဆောက်ထားဟန်ရေးဆွဲခဲ့ပါသည်။ လေဆိပ်ပန်းချီရေးဆွဲပြီးစက နာရီအစစ်ကိုငုံ၍ နာရီစင် အဖြစ်ဖန်တီးရေးဆွဲထားခြင်းကြောင့် နာရီအစစ်လား၊ အတု လားခွဲခြားမရကြပါ။ ကြည့်ပြီးသူတိုင်း အငြင်းအခုန်ဖြစ်ခဲ့ကြ ဖူးပါသည်။ ထိုအခါ ဆရာ့ကို ပညာစမ်းခဲ့သော **ဗိသုကာ Mr.PIDGEON က ‘ဘကြည် မင်းငါ့ကိုနိုင်သွားပြီ’** ဟု ချီးကျူးခဲ့သည်ဟု ဆိုပါသည်။

အိုးစည်ဝိုင်းအနီးက အဒေါ်ကြီးတစ်ဦးခံတောင်းဖြင့် ရေနံဆီပုံး ရွက်ထားပုံတစ်ပုံပါသည်။ အမှတ်တမဲ့ကြည့် လျှင် ရေနံဆီပုံးသည် ပန်းချီရေးဆွဲထားသည်ဟုထင်ရသည်။ တကယ်ဆွဲထားခြင်းမဟုတ်၊ ရေနံဆီပုံးသည် နံရံပေါ်က လျှပ်စစ်မီးပွိုင့်ကို ဖုံးထားသောသံပြားအစစ်ဖြစ်သည်။ သံပြား အဖုံးကို ရေနံဆီပုံးအသွင်ဖန်တီးထားခြင်းဖြစ်သည်။ ပန်းချီ ဆရာတစ်ဦး ကြည့်ပြီးရေးဆွဲနေသော ရွှေယွန်းသေတ္တာ ကလေးသည်လည်း မူလနံရံပေါ်ရှိ "၆ × ၁၂"အရွယ်သံပြား အစစ်ဖြစ်သည်။ နံရံပေါ်ကတိုင်တစ်တိုင်ကို အတွင်းဘက်မှ ပိတ်ကားထောင်ပြီး ပန်းချီဆွဲနေဟန်သရုပ်ဖော်ထားသည် မှာလည်း ကြည့်သူကို တကယ်ထင်ရအောင်လှည့်စားမှုတစ်ခု ဖြစ်သည်။ နံရံထောင့်ချိုးတွင် ရေးဆွဲထားသည့် လမ်းညွှန်များ တိုင်သည်လည်း ကြည့်သူအားနံရံထောင့်ချိုးကို သတိမေ့ စေပြီး တစ်ပြေးတည်းအထင်ရောက်အောင် မျက်စိလှည့်စား ထားချက်တစ်ခုဖြစ်လေသည်။ နံရံထောင့်ချိုးကို တစ်ပြေး တည်း အထင်ရောက်ပြီး ပျံသန်းလာတတ်သည့် ငှက်ကလေး များသည် ထောင့်ချိုးနှင့်ဝင်တိုက်မိပြီး ပြုတ်ကျလာတတ် သည်ဟု စားသောက်ခန်းဝန်ထမ်းများက ပြောပြဖူးပါသည်။

ဖော်ပြပါ လက်ရာမြောက် နံရံပန်းချီကားကြီးသည် လေဆိပ်ရောက်ဖူးသော ပြည်ပဧည့်သည်များအထူးနှစ်သက် ကြပါသည်။ နံရံပန်းချီကားကြီးများကို အမြတ်တနိုးလိုက် ကြည့်နေ၍ လေယာဉ်ပေါ်တက်ရန် နောက်ကျသောနိုင်ငံ ခြားသားအမြောက်အမြားရှိသည်။ **အိန္ဒိယဝန်ကြီးချုပ် နေရူး မြန်မာနိုင်ငံသို့လာရောက်စဉ်က ဆရာကြီးဦးဘကြည်၏ နံရံပန်းချီများကို တွေ့မြင်သွားပြီးသဘောကျနှစ်ခြိုက်ကာ “မြန်မာနိုင်ငံမှာ ဒီလိုပန်းချီကျော်တစ်ဦး ရထားတာ ကံကောင်းလှတယ်”** ဟု ပြောဆိုသွားကြောင်း သိရပါသည်။

ယခုအခါ ဆရာကြီးဦးဘကြည်၏ လေဆိပ်ပန်းချီ လက်ရာများ၏ သက်တမ်းသည် အနှစ် ၅၀ ကျော်ခဲ့ပါပြီ။ ဆရာကြီးဦးဘကြည်လည်း အသက် (၈၆)နှစ်အရွယ် ၂၀၀၀ ပြည့်နှစ်က ကွယ်လွန်သွားခဲ့ပါပြီ။ ၂၀၁၂ ခုနှစ်က ဆရာကြီး ဦးဘကြည်၏ ရာပြည့်အထိမ်းအမှတ်အဖြစ် ဆရာကိုးကွယ် သည့် ဘိုးပေါက်ဆိန်ကျောင်းတိုက်တွင် ဆရာ့မိသားစုက ဆွမ်းကျွေးအလှူပွဲ ကျင်းပခဲ့ပါသည်။ တပည့်ဖြစ်သူ ကျွန်တော်က “ပန်းချီဦးဘကြည် ဘဝနှင့်သူ့လက်ရာ” စာအုပ်တစ်အုပ်ဂုဏ်ပြုရေးသားပြီး ကျေးဇူးဆပ်ခဲ့ပါသည်။

ဆရာသက်ရှိထင်ရှားရှိစဉ်ကပင် ပြည်လမ်း ဆေးတက္က သိုလ်(၁)ဝင်းအတွင်းရှိ လိပ်ခုံးခန်းမကြီးကို ဖျက်ပစ်ရာတွင် လိပ်ခုံးအဝင်ဝက ဆရာဦးဘကြည်၏ ဆီဆေးနံရံပန်းချီ ကားကြီးတစ်ခုပါသွားခဲ့သည်ကို ကြုံခဲ့ဖူးပါသည်။ ဆရာ ကိုယ်တိုင်မြင်တွေ့သွားခဲ့ပြီး စိတ်မချမ်းမသာဖြစ်ခဲ့ရဖူးပါ သည်။ ပညာရေးတက္ကသိုလ်အဝင်ဝက ဆရာ့လက်ရာ နံရံ ပန်းချီနှစ်ကားမှာလည်း ကျောင်းကြီးကို ဆေးသုတ်ရာတွင်ပါ သွားဖူး၍ ဆရာစိတ်မချမ်းမသာ ဖြစ်ခဲ့ဖူးပါသေးသည်။

## ပန်းချီလှတင်ထွန်း

ယခုတော့တော်ပါသေးသည်။ နိုဝင်ဘာ ၁၅ ရက်က လေကြောင်းဦးစီးဌာနတွင် လေဆိပ်ပန်းချီ ထိန်းသိမ်းရေး ကိစ္စ ညှိနှိုင်းအစည်းအဝေးကျင်းပကြောင်း သိရသည်။ ဆရာကြီး ဦးဘကြည်၏မိသားစုကိုလည်း ဖိတ်ကြား၍ ဆရာ၏သမီးကြီး ဒေါ်ဝေဝေကြည် ဥပဒေပါမောက္ခ(ငြိမ်း) တက်ရောက်ပြီး မိမိတို့ဖခင်၏လက်ရာများ မူရင်းအတိုင်း ထိန်းသိမ်းသွားဖို့ဆန္ဒရှိကြောင်း ဆွေးနွေးခဲ့သည်ဟု သိရပါ သည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းကလည်း “ဒီပန်းချီကား ကြီးတွေရဲ့သက်တမ်းက နှစ်ပေါင်း ၅၀ ကျော်ပြီး ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ နောင်မှာအသစ်ဆောက်မယ့် လေဆိပ်သစ်ကြီးရဲ့ Public Area မှာ ထားချင်တယ်။ ၂၀၁၄ ခုနှစ်ဆန်းပိုင်းမှာ လေဆိပ် ဟောင်းကို ဖျက်သိမ်းပြီး အသစ်ဆောက်မှာဖြစ်တဲ့အတွက် ပြခန်းသဖွယ်မှာထားဖို့ ဒီဇိုင်းကို ပြန်စဉ်းစားသွားမယ်။ ရွှေ့မယ်ဆိုရင်လည်း ဘယ်လိုရွှေ့ပြောင်းရင်ရနိုင်မလဲဆို တာ အကြံဉာဏ် တောင်းရခြင်းဖြစ်ပါတယ်”ဟု ပြောသွား ကြောင်း သိရသည်။ ညွှန်ကြားရေးမှူးချုပ်၏ အကြံဉာဏ် တောင်းခံသောစကားများကို မြင့်မြတ်ရာဘုံဌာနက ဆရာ ကြီး ဦးဘကြည်သာကြားရမည်ဆိုပါက သာဓုအကြိမ်ကြိမ် ခေါ်မည်မှာ သေချာလှပါသည်။

တစ်နေ့က လေဆိပ်အသစ်ဆောက်မည့်သတင်းကြား၍ လေဆိပ်ပန်းချီကိုစွန့်ပတ်သက်ပြီး စိုးရိမ်တကြီးနှင့် ကျွန်တော့်ထံ ဖုန်းဆက်သော ပန်းချီမြတ်နိုးတန်ဖိုးထားသူ ကျွန်တော့်မိတ်ဆွေ ဆည်မြောင်းအရာရှိ ဦးအေးမြင့်လည်း စိတ်အေးသွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ရန်ကုန်မှ လေဆိပ်ဖျက်မည့်သတင်းကြားပြီး ဆန္ဒထုတ်ဖော်ပွဲတွေ လုပ်မည်ဆိုသော ပန်းချီဆရာများလည်း ယခုတော့ စိတ်ချ လက်ချ စိတ်ချမ်းသာသွားကြရော့မည်ဟုလည်း ယုံကြည်ပါ သည်။

ကျွန်တော် အီတလီနိုင်ငံ ရောမမြို့ရောက်စဉ်က ရှေးဟောင်းပန်းချီလက်ရာများ ထိန်းသိမ်းစောင့်ရှောက် ရေးဗဟိုဌာန(အီခရွှန်)သို့ရောက်စဉ် ယခုကဲ့သို့ ပန်းချီ လက်ရာများထိန်းသိမ်းရေးမူရင်းမပျက်အောင် ပြောင်းရွှေ့ ရေးလုပ်ငန်းများကို လေ့လာခဲ့ဖူးပါသည်။ အီဂျစ်မှ ပိရမစ် အချို့မူရင်းအနေအထားမပျက်အောင် အပိုင်းလိုက်ရွှေ့ပြောင်း ရန် ယူနက်စကိုအစီအစဉ်ဖြင့် ဆောင်ရွက်ဖူးသည့် သတင်း များကိုလည်း ကြားဖူးပါသည်။ ရှေးဟောင်းသုတေသနဌာနမှ ဖိတ်ကြားချက်အရ ရှေးဟောင်းပန်းချီထိန်းသိမ်းရေးပညာ ရှင် ပြင်သစ်လူမျိုး “မွန်စီယာပီရှာ” လည်း လာရောက်ကူညီ နေသည်ဖြစ်ရာ ‘မွန်စီယာပီရှာ’ထံမှလည်း အကြံဉာဏ်များ ရယူနိုင်မည်ဖြစ်ပါသည်။

လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ သမိုင်းဝင်ရှားပါး လက်ရာ နိုင်ငံတော်၏ ရတနာလေဆိပ်ပန်းချီလက်ရာများကို အခွန့်ရှည်စွာ စောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်မျှော် လင့်ပါသည်။ ပေါ်ထွန်းလာမည့် ရန်ကုန်လေဆိပ်သစ်ကြီး အတွင်း ဆရာကြီးဦးဘကြည်၏ ကမ္ဘာကျော် ပန်းချီ လက်ရာများက ကမ္ဘာလှည့်ခရီးသွားများကို ဆက်လက်ကြိုဆို ဧည့်ခံသွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။

စာအုပ်စာပေ လှူမိတ်ဆွေ













သွေးသည်အသက်




## အထူးဝမ်းမြောက်ဖွယ်

SEA Games ကို ဂုဏ်ပြုကြိုဆိုလျက် ၃-၁၂-၂၀၁၃ ရက်မှ ၁၂-၁၂-၂၀၁၃ရက်(နတ်တော်လဆန်း ၁ရက်မှ ၁၀ ရက်)ထိ နေပြည်တော် ဇမ္ဗူသီရိဆေးရုံဝင်း၊ ယူနီစန်လက်ဖက်ရည်နှင့် စားသောက်ဆိုင်တွင် စားသောက်ဖွယ်ရာများကို မေတ္တာဖြင့် ၅၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးပါမည်။

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် မဘိမ်းမြို့နယ် ငါးအိုးဘိနယ် စီးပွားကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် နိုဝင်ဘာ ၂၃ ရက်က တရားမဝင် တမလန်း၊ ပိတောက်သစ် ၅ ဒသမ ၀၃၂၀ တန်နှင့် ယာဉ်တစ်စီး၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၂) လမ်းမကြီး မိုင်တိုင်အမှတ် (၃၀/၄) ၌ နိုဝင်ဘာ ၂၅ ရက်က တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၇၄၄၈ တန်နှင့် ယာဉ်တစ်စီး၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ညောင်ပင်သာရွာအရှေ့ သုံးဆယ်ပေးရွာအနီး ရေလယ်ကျွန်းတွင် နိုဝင်ဘာ ၂၆ ရက်က တရားမဝင်တမလန်းတိုင်၊ ဓားရှွေသစ်လုံး စုစုပေါင်း ၄ ဒသမ ၉၂၀ တန် တင်ဆောင်ထားသော "ဇေယျာအောင်"ရုပ်ပြေးယာဉ်တစ်စင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် ကျောက်တံခါး မြို့နယ်အစပ် ဖထီးမြောင်ချောင်းဘေးတွင် နိုဝင် ဘာ ၂၆ ရက်က တရားမဝင်ပျဉ်းကတိုးခွဲသား ၁ ဒသမ ၆၄၅၄ တန်နှင့် ယာဉ်တစ်စီး၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မ (၁၁) ရပ်ကွက်နေ ဦးကျော်နှင်း နေအိမ်ခြံဝင်းနှင့် ဂိုဒေါင်အတွင်း နိုဝင်ဘာ ၂၅ ရက်က တရားမဝင် နံ့သာနီ ၈၂ ချောင်း (၁၂၄၂ ဒသမ ၈၆ ပိဿာ)နှင့် ယာဉ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပဲခူးတိုင်းဒေသကြီး အမှတ်(၃) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံး ညောင်လေးပင်မြို့ ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ်စန်းယုနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၇ ရက်က ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့တွင် ဆိုင်ကယ် စီးနင်းသူများနှင့် ဆိုင်ကယ်ကယ်ရီမောင်းသူများအား ယာဉ်မတော်တဆ ထိခိုက်မှုများ ကင်းဝေးစေရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမစီးကြရန်နှင့် ဆိုင်ကယ်နံပါတ်ပြား၊ နောက်ကြည့်မှန်များ တပ်ဆင်ကြရန် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ကွင်းဆင်း ထိတွေ့ကာ ရှင်းလင်းဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များကိုပါ အခမဲ့ဖြန့်ဝေပေးစဉ်။** (နေလင်း-ညောင်လေးပင်)

# ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ကားကြိတ်သေဆုံး

**ကျိုက်မရော ဒီဇင်ဘာ ၁**

ကျိုက်မရောမြို့နယ် တရနာကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာလမ်းဝတွင် နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က ကော့ပနောကျေးရွာမှ တရနာကျေးရွာသို့ လှိုင်လှိုင်စိုး (၂၁)နှစ် မောင်းနှင်ပြီးနောက်မှ မိခင်ဖြစ်သူ ဒေါ်အုန်းမြင့် (၄၈)နှစ် လိုက်ပါလာသည့် ဟွန်ဒါအယ်လ်ဖာဝေ့ခဲရောင်ဆိုင်ကယ် (လိုင်စင်မဲ့)သည် အရှိန်ဖြင့် ထိုးရပ်စဉ် မိခင်ဖြစ်သူသည် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့ရာ ဆိုင်ကယ်နောက်မှ ဦးမောင်မောင်လေး မောင်းနှင်လာသည့် တိုက်ဂါးအဖြူရောင်ယာဉ် အမှတ် ၃ခ/----က ကြိတ်မိခဲ့ရာ ဒေါ်အုန်းမြင့်မှာ ဦးခေါင်းနောက်စေ့ဒဏ်ရာဖြင့် နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ လှိုင်လှိုင်စိုးနှင့် ယာဉ်မောင်း ဦးမောင်မောင်လေးတို့နှစ်ဦးအား ကျိုက်မရောမြို့ မြို့မ ရဲစခန်းက ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် (ပ) ၃၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄ (က) အရ အမှုဖွင့်ထားကြောင်း သိရသည်။

**(၄၄၁)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**

# မြေနုကျွန်းကိစ္စ ကျေးရွာနှစ်ရွာအချင်းများ

**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလင်းတောင်ကျေးရွာနှင့် ဝက်ဘာကျေးရွာအကြား ဧရာဝတီမြစ်ကမ်းဘေး၌ မြေနုကျွန်း ၃၉ ဧက ပေါ်ပေါက်ခဲ့ရာ ကွင်းအမှတ် (၂၄၇၉)တွင် ပေါ်ပေါက်ခဲ့သောမြေနုကျွန်းနှင့် ပတ်သက်၍ ချောက်မြို့နယ်မြေစာရင်းဦးစီးဌာနက နိုဝင်ဘာ ၂၄ ရက်က ကွင်းဆင်းတိုင်းတာခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်က ချောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက အစည်းအဝေးပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်အရ မြေနုကျွန်း ၃၉ ဧကအနက် သုံးဧကကို ဝက်ဘာကျေးရွာသို့လည်းကောင်း၊ ၃၆ ဧကကို စလင်းတောင်ကျေးရွာသို့ လည်းကောင်း လုပ်ကိုင်ခွင့်ချထားကြောင်းဆုံးဖြတ်ခဲ့သည်။

နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် စလင်းတောင်ကျေးရွာမှ တောင်သူ ၁၀၀ ခန့်သည် မြေနုကျွန်း ၃၆ ဧကကို ထွန်ယက်စိုက်ပျိုးနေစဉ် ဝက်ဘာကျေးရွာနေပြည်သူ ၁၅၀ ခန့်ရောက်ရှိလာပြီး လေးခွ၊ ခဲများဖြင့်ပစ်ပေါက်ကြရာ စလင်းတောင်ကျေးရွာသား ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ စလင်းတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့် ပခန်းငယ်ရဲကင်းမှူး ဒုရဲအုပ်ထွန်းထွန်းဦးနှင့် အဖွဲ့ရောက်ရှိလာပြီး ဖျန်ဖြေပေးခဲ့သည်။ ထို့နောက် စလေနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကျော်မြင့်နှင့် အဖွဲ့က စလင်းတောင်ကျေးရွာသားများအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ဝက်ဘာကျေးရွာသားများအား ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့နေအိမ်၌ လည်းကောင်း တွေ့ဆုံ၍ မြေယာခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အထက်ဌာနအဆင့်ဆင့်သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။ **(မကွေးလှမြင့်)**

# ဝမ်းတွင်းမြို့နယ်တွင် ဆိုင်ကယ်နှစ်စီးတိုက်၍ လူသုံးဦးသေဆုံး

**ဝမ်းတွင်း ဒီဇင်ဘာ ၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာအနီးတွင် ဒီဇင်ဘာ ၁ ရက် နံနက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းတိုက်မိပြီး လူသုံးဦးသေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြေတိုင်ကန်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမ မိုင်တိုင် အမှတ် (၃၆၃/၁) နှင့် (၃၆၃/၂) အကြား မြေတိုင်ကန်ကွေ့၌ မြောက်ဘက်မှ တောင်ဘက်သို့ ရဲထွဋ်(၁၈)နှစ် မောင်းနှင်လာသည့် အနက်ရောင်ဆိုင်ကယ်နှင့် တောင်ဘက်မှ မြောက်ဘက်သို့ သဲမောင် (၂၀)နှစ် မောင်းနှင်၍ နောက်မှ တစ်ရွာတည်းနေ မင်းထိုက် (၃၀)နှစ်၊ ငမြင့် (၄၀) နှစ်တို့ စီးနင်းလိုက်ပါလာသည့် အနက်ရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ ငမြင့်မှာ ဒဏ်ရာများ ရရှိခဲ့ပြီး ရဲထွဋ်၊ သဲမောင်နှင့် မင်းထိုက်တို့ သုံးဦးမှာ နေရာတွင်သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(၅၇၉)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၁၂-၂၀၁၃ (တနင်္လာနေ့)

| | |
|---|---|
| ၅း၄၀ | "တကယ့်ထာဝရမိတ်ဆွေကောင်း" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်မာဃိန္ဒ) |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၂၉) |
| ၇း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၆) |
| ၈း၁၅ | ဂီတသရုပ်ပြခန်း (သိန်းလင်းစိုး) |
| ၈း၃၀ | **Weekly Sport Diary** |
| ၉း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၁၂) |
| ၉း၅၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၁၈) |
| ၁၀း၃၀ | **Global Panorama** (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၁း၁၀ | **World of Knowledge (Ancient X Files: The Great Flood)** |
| ၂း၄၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄း၃၅ | ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ (အပိုင်း-၂) |

# တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁

**ယနေ့နံနက် ၉း၃၀ နာရီထိ**

**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များ**မှာ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များ**မှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်**မှာ ကျိုင်းတုံမြို့တွင် သုည ဒသမ ၆၃ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူတပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။


# ဟင်္သာတမြို့ အထက(၄)

## ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဟင်္သာတမြို့၊ အထက(၄)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်လျှုဒါန်းပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

နေ့ရက် - ၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ဘုရင့်နောင်ခန်းမ၊ အထက(၄) ဟင်္သာတမြို့။
ဆက်သွယ်လှူဒါန်းရန်-

| ရန်ကုန်မြို့ | | ဟင်္သာတမြို့ | |
|---|---|---|---|
| (၁) ဒေါ်အေးအေးသွင် | ၀၉-၇၃၁၀၉၁၂၈ | (၁) ဦးညွန့်လှိုင် | ၀၉-၈၅၈၁၁၅၄ |
| (၂) ဦးဝင်းအောင် | ၀၉- ၈၅၈၁၃၄၄ | (၂) ဦးမောင်မောင်စိုး | ၀၉-၈၅၈၀၄၅၄ |
| (၃) ဒေါ်ခင်စန်းဝင်း | ၀၉-၄၂၀၉၄၄၇၁ | (၃) ဦးကျော်လွင်ဆန်း | ၀၉-၈၅၈၀၃၀၄ |
| (၄) ဒေါ်ခင်အေးကြူ | ၀၉-၂၅၀၃၆၉၂၀၁ | (၄) ဦးမျိုးသန့်ကျော် | ၀၉-၈၅၈၀၄၅၃ |
| (၅) ဗိုလ်မှူးလှိုင်မြင့် | ၀၉-၈၆၂၀၅၆၉ | (၅) ဦးထင်လင်းဟန် | ၀၉-၄၂၂၄၇၂၁၆၉ |
| (၆) Dr. နော်မာသေး | ၀၉-၈၃၀၀၁၁၇ | (၆) ဦးမျိုးညွန့် | ၀၉-၈၅၈၀၅၂၉ |
| (၇) ဒေါ်သန်းသန်းရီ(အထပြ) | ၀၄၄-၂၁၄၀၇၅ | (၇) ဒေါ်ခင်မာသန်း(အထပြ) | ၀၉-၃၁၁၄၆၁၃၇ |

ဆရာ၊ ဆရာမကြီးများလိုက်ပါမည့် မော်တော်ယာဉ်သည် အမှတ်-၂၇၄(B)၊ မြဝတီ-လမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ဝါလက်ဖက်ရည်ဆိုင်ရှေ့မှ ထွက်ခွာပါမည်။ လိုက်ပါလိုသူများ ဒေါ်ခင်စန်းဝင်း ၀၉-၄၂၀၉၄၄၇၁နှင့် ဒေါ်ခင်အေးကြူ ၀၉-၂၅၀၃၆၉၂၀၁ နှင့် ဆက်သွယ်ပါရန်။

# မွေးနေ့ဆုတောင်း

## ဦးမြင့်ထွန်း

### အမှုဆောင်ဒါရိုက်တာ၊ တကောင်ဘွားကုမ္ပဏီလီမိတက်

၂-၁၂-၂၀၁၃ရက်တွင် ကျရောက်သည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ဇနီး၊ ချစ်သားတို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပြီး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တကောင်ဘွားကုမ္ပဏီလီမိတက်
ဝန်ထမ်းမိသားစုများအားလုံး

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်အမျိုးမျိုး၊ မြစ်ကျောက်စရစ်၊ မြစ်သဲများအား လမ်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၆-၁၂-၂၀၁၃ ရက်
တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၁၆-၁၂-၂၀၁၃ရက်၊ မွန်းလွဲ ၂း၀၀နာရီ
ဖျာပုံခရိုင် အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ လမ်းအလိုက်ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။ ဖုန်း -၀၄၅-၄၀၄၂၅

# ကလေးမြို့နယ်တွင်ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရေးငွေထုတ်ချေးပေး

**ကလေး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် တောင်သူဦးကြီးများထံသို့ ဆောင်းချေးငွေများကို နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိစေရေးအတွက် လည်းကောင်း၊ တောင်သူလယ်သမားတွေ အခက်အခဲဖြစ်နေသည့် စိုက်ပျိုးစရိတ်များကို ရရှိစေရေးအတွက် ဆောင်းချေးငွေများကို တောင်သူလယ်သမားများ၏ လက်ဝယ်သို့ အရောက်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးပေးရာတွင်တောင်သူလယ်သမားတွေ အခက်အခဲဖြစ်နေတဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ နည်းနေတယ်၊ ချေးငွေတွေက အတိုးများနေတယ်၊ အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်တွေ ချေးငွေပမာဏတွေတိုးဖို့ အတိုးနှုန်းလျှော့ဖို့ ပြီးတဲ့အခါမှာ ထိုက်သင့်တဲ့အချိန်ကာလပေးဖို့ အစိုးရမှာဥပဒေ ပြဋ္ဌာန်းပြီးတဲ့အခါ ထိုက်သင့်တဲ့ပံ့ပိုးမှုတွေပေးဖို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင်ပြဋ္ဌာန်းပြီးဖြစ်ကြောင်းသိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံများအဖြစ် နေကြာ၊ ပဲမျိုးစုံနှင့် ပန်းအမျိုးမျိုး၊ မီးဖိုချောင်သီးနှံများအဖြစ် မုန်ညင်း၊ မုန်လာထုပ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည်တို့ဖြင့် နေရာဒေသအလိုက် စိုက်ပျိုးကြသည်။

**(လင်းလက်ကြယ်စင်)**



# ကလေးဝမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ကလေးဝ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကလေးဝမြို့နယ်အတွင်းရှိ လယ်မြေများသည် မိုးကောင်းသောက် ဇရိယာများဖြစ်သည့်အတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့်အညီ သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရန် စည်းရုံးပညာပေးဆွေးနွေးမှုများ ပြုလုပ်ကြောင်း သိရသည်။



၂၀၁၃-၂၀၁၄ခုနှစ်၊ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ထွက်နှုန်းမှတ်တမ်းတင်ခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၂၅ရက်နံနက် ၁၁နာရီက ကိုင်းကျေးရွာအုပ်စု တောင်သူဦးမြင့်သန်း၏ ကွင်းအမှတ်(၃၈) ဦးပိုင်(၄၉)ရှိ မိုးစပါးစိုက်ခင်းတွင် ပုလဲသွယ်အထွက်တိုး စပ်မျိုးစပါးကို ခရိုင်စိုက်ညီအဖွဲ့များ၊ မြို့နယ်စိုက်ညီအဖွဲ့များနှင့် ကျေးရွာတောင်သူများက စံကွက်ကို ရိတ်သိမ်းခဲ့ကြရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၁၅၀ခန့် ထွက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းဆင်း

**မိုင်းဆတ် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၂)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၉)သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးခင်မောင်ချို တက်ရောက်သင်တန်းဆင်းအမှာစကားပြောကြားသည်။

ယင်းနောက်အဆင့်မြင့်သင်တန်းသူထူးချွန် ပထမဆုရ မမေသူအေးချိုကို ဥက္ကဋ္ဌဦးခင်မောင်ချိုက လည်းကောင်း၊ ဒုတိယဆုရ မသန်းသန်းစိုးနှင့်တတိယဆုရ မခင်ငြိမ်းချမ်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီသီစိုးကလည်းကောင်း၊ အခြေခံသင်တန်းသူထူးချွန်ပထမဆုရ မနန်းမီမီအောင်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးအေးနိုင်ကလည်းကောင်း၊ ဒုတိယဆုရ မစန်းစန်းနွယ်နှင့် တတိယဆုရ မရီရီစန်းကိုမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်ကလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို အိမ်တွင်းမှုသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်တင်မာရီကလည်းကောင်း ပေးအပ်ချီးမြှင့်ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**သန်းဇော်**

အစိုးရကြော်ငြာ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့


## တပ်မတော်ရိက္ခာအတွက်စပါးဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့်အောက်ဖော်ပြပါနေရာများ၌၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁ရက်မှ စတင်ဝယ်ယူပါမည်။

**(က) ရှမ်းပြည်နယ်(အရှေ့)**
- (၁) ကျိုင်းတုံ
- (၂) မိုင်းပြင်း
- (၃) မိုင်းခတ်
- (၄) မိုင်းယောင်း
- (၅) မိုင်းဖြတ်
- (၆) တာချီလိတ်
- (၇) မိုင်းဆတ်

**(ခ) မွန်ပြည်နယ်**
- (၁) မော်လမြိုင်
- (၂) သထုံ
- (၃) ပေါင်
- (၄) မုဒုံ
- (၅) သံဖြူဇရပ်
- (၆) ချောင်းဆုံ
- (၇) ကျိုက်မရော
- (၈) ရေး
- (၉) ဘီးလင်း
- (၁၀)ကျိုက်ထို

**(ဂ) ရန်ကုန်တိုင်းဒေသကြီး**
- (၁) သန်လျင်
- (၂) ခရမ်း
- (၃) လှည်းကူး
- (၄) တိုက်ကြီး
- (၅) ထန်းတပင်

**(ဃ) ရခိုင်ပြည်နယ်**
- (၁) အမ်း
- (၂) စစ်တွေ
- (၃) ကျောက်တော်
- (၄) မြောက်ဦး
- (၅) မင်းပြား
- (၆) ရသေ့တောင်
- (၇) ကျောက်ဖြူ
- (၈) တောင်ကုတ်
- (၉) ဘူးသီးတောင်

**(င) စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကန့်ဘလူ
- (၂) ဝန်းသို
- (၃) ကသာ
- (၄) တန့်ဆည်
- (၅) ကလေး
- (၆) ရွှေဘို
- (၇) ရေဦး
- (၈) ခင်ဦး

**(စ) မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ**

**(ဆ) ပဲခူးတိုင်းဒေသကြီး(အရှေ့)**
- (၁) အုတ်တွင်း
- (၂) ဖြူး
- (၃) ကျောက်တံခါး
- (၄) ညောင်လေးပင်
- (၅) ဒိုက်ဦး
- (၆) သနပ်ပင်

**(ဇ) ပဲခူးတိုင်းဒေသကြီး(အနောက်)**
- (၁) နတ္တလင်း
- (၂) ပေါင်းတည်
- (၃) အင်းမ
- (၄) သဲကုန်း

၂။ ပေးသွင်းရမည့်စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့်အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ရင်းများနှင့်တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကော့သောင်းမြို့နယ်၊ အောင်ဘာကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ပုလောမြို့နယ်၊ နန်းသီလာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၀-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့(ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းတွင် ပါဝင်သည့် တိုးချဲ့အဆောက်အအုံများ တည်ဆောက်ရာတွင် မလွတ်ကင်းသည့် အဆောက်အအုံဟောင်း (၃)လုံးအား ဖြိုဖျက်ရန်ရှိပါသဖြင့် အဆိုပါအဆောက်အအုံတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ၂၉-၁၁-၂၀၁၃ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်လေလံတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အဆောက်အအုံ(၃)ခုစလုံး ဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ ကျွန်းချောင်းဓာတ်အားပေးစက်ရုံရှိ GT(3)၏ Generator 11KV Bus ရှိ Surge Suppressor Capacitor (3) Nos ကို မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

# အကြွေပါမှ ကားစီးကြပါ

ရန်ကုန်မြို့ကို နိုဝင်ဘာ၂၄ရက်နေ့က သုံးခွ-ရန်ကုန် မှန်လုံကား ၂၈--နဲ့ခရီးသွားခဲ့ပါတယ်။ကားထွက်လို့သုံးခွမြို့လွန်တော့ စပယ်ယာက ကားခလိုက်သိမ်းပါတယ်။ သုံးခွနဲ့ ရန်ကုန်ကို မှန်လုံကားကြီးခက ကျပ် ၃၅၀ပါ။ ကျွန်တော် စပယ်ယာကို ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်ပါတယ်။ ကျွန်တော့်ဘေးကလူကလဲ ကျွန်တော့်လိုထောင်တန် တစ်ရွက်ပဲ ထုတ်ပေးလိုက်ပါတယ်။ စပယ်ယာက ၅၀၀ တန်တစ်ရွက်စီ ပြန်အမ်းပါတယ်။ ကားခတွေအားလုံး သိမ်းပြီးရင်တော့ ကျွန်တော်တို့ကို ပြန်အမ်းမှာပဲဆိုပြီး နေခဲ့ပေမယ့် သန်လျင်တံတားကျော်လာတဲ့ထိ ကျွန်တော်တို့ကိုပြန်မအမ်းသေးပါဘူး။ ဒီတော့မှ ကျွန်တော့်ဘေးနားကလူက ကားခပြန်အမ်းစရာကျန်နေသေးကြောင်း စပယ်ယာကို လှမ်းပြောလိုက်တော့ စပယ်ယာက လက်ကာပြပါတယ်။ ကျွန်တော်ကလဲ သာကေတ(၁၀၈)တောင်မှာ ဆင်းမှာဆိုတော့ ဆင်းမှပဲ တောင်းပါတော့မယ်ဆိုပြီး အခြေအနေကိုကြည့်နေလိုက်ပါတယ်။ မှတ်တိုင်ရောက်လို့ဆင်းမယ်လုပ်မှ ကျွန်တော်ကစပယ်ယာကို ပြန်အမ်းဖို့ငွေ ၁၅၀ကိုတောင်းလိုက်ပါတယ်။ ဒီမှာတင်ပဲ စပယ်ယာက ကျွန်တော့်ကို ခပ်တည်တည်နဲ့ ခဏကြာကြည့်ပြီးမှ ရာတန်တစ်ရွက်ကို ဟိုဘက်မျက်နှာလွှဲပြီး ကမ်းပေးပါတယ်။ သူ့အမူအရာကို ကြည့်ပြီးကျွန်တော် ဒေါသဖြစ်လာပါတယ်။ ကိုယ့်ငွေကိုယ်ပြန်တောင်းတာကိုပဲ မကျေနပ်သလို၊ မတူမတန်သလိုမို့ "မင်းတို့ကားခက ဘယ်လောက်လဲလို့" မေးလိုက်တယ်ဆိုရင်ပဲ စပယ်ယာက "၃၅၀ လေ အကြွေမရှိလို့၆၀၀ပဲပြန်အမ်းတာ ခင်ဗျားအကြွေယူခဲ့ပါလား"ဘယ်လိုလူစားလဲမသိဘူး ဒီလိုလူမျိုး ဒီတစ်ခါပဲတွေ့ဘူးတယ်တဲ့။ ကဲ"စဉ်းစားကြည့်ကြပါတော့ အရပ်ကတို့ရေ"လို့ပဲအော်လိုက်ချင်ပါတော့တယ်။ ပြည်သူတွေနဲ့ဆက်ဆံရတဲ့ဒီလိုနေရာမျိုးမှာ လူမှုဆက်ဆံရေးညံ့ဖျင်းတဲ့ ဒီလိုစပယ်ယာမျိုးမထားသင့်ပါဘူး။ ခင်ဗျားတို့တစ်တွေလဲ ကျွန်တော့်လိုမဖြစ်ကြရအောင် "အကြွေရှိမှ ကားစီးကြပါ" လို့။

**အောင်ဆွေ(ခရီးသွား)**



# ကျိုင်းတုံ-တာချီလိတ်လမ်းအပိုင်းတွင် ချောင်းရေတိုက်စားမှုကြောင့် လမ်းများပျက်စီးမှုအန္တရာယ်ကြုံတွေ့

**ကျိုင်းတုံ ဒီဇင်ဘာ ၁**

တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ ကျိုင်းတုံ-တာချီလိတ်လမ်းအပိုင်းတွင် ချောင်းရေတိုက်စားမှုဒဏ်ကြောင့် လမ်းနေရာတချို့တွင် ပျက်စီးမှုအန္တရာယ်နှင့် ကြုံတွေ့နေရလျှက်ရှိကြောင်း သတင်းရရှိသည်။

ကျိုင်းတုံမြို့နယ်၏ နယ်နိမိတ်အဆုံးတွင်ရှိသော ကီလိုမီတာ (၃၄) နှင့်(၃၅) မှတ်တိုင်အကြားက ကျေးရွာများသည် လွယ်မွေတောင်မှ မြစ်ဖျားခံပြီး ပန်ကွဲ၊ ယန်းခချောင်းအဖြစ် လမ်းမနှင့် မျဉ်းပြိုင်စီးဆင်းနေလျက်ရှိသည်။ အဆိုပါ ချောင်းသည် မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် ချောင်းရေတိုက်စားမှုအရှိန်ကြောင့် ကမ်းပါးပြိုကျမှုများ ရှိကြောင်းသိရှိရသည်။

ချောင်းကမ်းပါး ပြိုကျလာနေမှုကြောင့် လမ်းမနှင့်ချောင်းထိပ်ကမ်းပါး ထိစပ်သည့်နေရာများ၊ချောင်းနှင့် လမ်းမအကြားတွင် လူနေအိမ်ခြေတစ်ကွက်စာသာ ရှိနေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။ အဝေးပြေးလမ်းမကြီးတွင် နေ့နေ့ညညယာဉ်များ သွားလာမောင်းနှင်နေတတ်ပြီးလမ်းဘေး ချောင်းအတွင်းသို့ ခရီးသည်တင်ယာဉ်များ ထိုးကျတိမ်းမှောက်ပြီး ထိခိုက်ဒဏ်ရာရသူများ၊ သေဆုံးသူများနှင့် နှစ်စဉ် ဘေးအန္တရာယ်ကြုံတွေ့နေသည်ကို ကြားသိမြင်တွေ့ရကြောင်း သိရသည်။

**(၅၁၃)**

# လက်မှုလုပ်ငန်း တောင်းရက်ခြင်းဖြင့် ပြည်သူများဝင်ငွေပိုရရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တောင်မြို့ကျေးရွာသည် စစ်ကိုင်းမြို့နှင့် ၃၅မိုင်ခန့် ကွာဝေးပြီးတည်ရှိသော ကျေးရွာဖြစ်ပါသည်။ အဆိုပါကျေးရွာရှိ ပြည်သူများမှာ တောလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြပြီး ယခုအချိန်အခါတွင်လက်မှုလုပ်ငန်းဖြစ်သည့်တောင်းရက်လုပ်ငန်းများဖြင့် ကျေးရွာပြည်သူများ အပိုဝင်ငွေရရှိနေကြပြီဖြစ်သည်။

"ဟုတ်ပါတယ်. . အခုကျွန်တော်တို့ကျေးရွာမှာ ဟိုယခင်က တောလုပ်ငန်းကိုပဲ ဦးစားပေးပြီးလုပ်ဆောင်နေရတာပါ. . အခုတော့မိသားစုလိုက်သော်လည်းကောင်း၊ တစ်ဦးတည်းသော်လည်းကောင်း ဒီတောင်းရက်လုပ်ငန်းကို လုပ်ဆောင်လာကြတာပါ. . ကုန်ကြမ်းပစ္စည်းအနေနဲ့ကတော့ အလွယ်တကူရှာလို့ရပါတယ်။ ထန်းလက် ၁၀၀ကို ငွေကျပ် ၄၀၀၀ ပေးရပါတယ်၊ တစ်လက်ကို ကျပ် ၄၀ နှုန်းလောက် ကျတာပေါ့၊ အဲဒီထန်းလက် ၁၀၀ ကို ပုံမှန်ထိုင်ပြီး အလုပ်လုပ်မယ်ဆို အခုမြင်နေရတဲ့ခွဲတောင်းပေါ့ ရှစ်ပြည်ဝင်တောင်းပါ၊ အလုံးပေါင်း ၃၅လုံးလောက်ရပါတယ်၊ တစ်လုံးကို ၇၀၀ ကျပ်နဲ့ ဖောက်သည်သွင်းရပါတယ်. . ရွာထဲမှာပဲသွင်းကြရတာပါ၊ အရွယ်အစားအမျိုးမျိုး လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။ နှစ်တင်းဝင်တောင်း၊ တစ်တင်းခွဲဝင်တောင်း၊ တစ်တင်းဝင်တောင်းနှင့်အခု ရှစ်ပြည်ဝင်တောင်းပေါ့၊ ဒီလေးမျိုးကို ဦးစားပေးပြီး ကျေးရွာပြည်သူများက ရက်လုပ်ကြပါတယ်။ လျှပ်စစ်မီးလည်း ရရှိနေတာဖြစ်တဲ့အတွက်တောလုပ်ငန်းများ သိမ်းပြီးညပိုင်းမှာ လုပ်ကိုင်ဆောင်ရွက်လို့ရတော့ ကျေးရွာပြည်သူများ အနေနဲ့ အပိုဝင်ငွေရရှိတာပေါ့"လို့ တောင်းရက်လုပ်ကိုင်နေသူ အမျိုးသားတစ်ဦးမှ ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

**M.A (Eng:)ဘွဲ့ရများအား အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်တွင် တာဝန်ပေးအပ်နိုင်ရန်အတွက် M.A(Eng:)ဘွဲ့ရများအား လစာနှုန်း (၇၉၀၀၀ိ/-၁၀၀၀ိ/-၈၄၀၀၀ိ/) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် ၁၀-၁၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.A (Eng:) ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် အသက် (၂၈) နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဃ) (၆) လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည် အလုပ်ဝင်ခွင့် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့ စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/အလုပ်သမား မှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာ တက္ကသိုလ်/ကောလိပ်/သိပ္ပံ/ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (တယ်လီဖုန်း နံပါတ်-၀၆၇-၄၀၄၀၁၇) တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**


## Infinity Destination

You Provide The Vision, I Provide The Solutionလုပ်ငန်းသုံး Computer Application(Software)များ၊ လုပ်ငန်းသုံး Web site များနှင့် Personal သုံး Web site များ၊ Hotel သုံး Application များနှင့် Travel & Tour Booking System များ၊ 3Ds Character Design with MAYA များကို Infinity Destination လူကြီးမင်းတို့ စိတ်တိုင်းကျ အိမ်တိုင်ရာရောက် ဝန်ဆောင်မှု ပေးနေပါသည်။

ဆက်သွယ်ရန် - Name : Tin Myo Win
Ph : 095504973
Email : mrtinmyowin115@gmail.com
Website : www.designertinmyowin.com
Address : No.115,31 street,pabedan township,yangon


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ အောက်ဖော်ပြပါ လျှပ်စစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က)1000 KVA Transformer တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ (1 Lot)
(ခ) 500 KVA Transformer တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ (1 Lot)
(ဂ) 300 KVA Generator တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ (1 Lot)

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် -၂၉-၁၁-၂၀၁၃ရက်(သောကြာနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် -၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)(၁၆း၀၀)နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (ဘားအံ)မှ အောက်ဖော်ပြပါပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက်အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်သည်။

| စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| (က) ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ) | ၅၀ လုံး |
| (ခ) ဖိုင်တင်စင် (၃ပေ×၁ပေ×၃ပေ) | ၁၀ လုံး |
| (ဂ) Notice Board (၆ပေ×၄ပေ) | ၅ ခု |
| (ဃ) Computer Table | ၂၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁-၂၀၁၄ ရက်(၁၆း၃၀) နာရီနောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(ဘားအံ)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## ပြည်တွင်းပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာနမှ အောက်ဖော်ပြပါအိတ်ချိန်းစက်ပစ္စည်းအမျိုးအစားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာဆက်သွယ်ရေး စက်ပစ္စည်းများ တင်သွင်းလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) Interconnection Core Network Expansion
(၁)Core Transport & Routing Network
(WDM/ Router Based)Expansion 1(Lot)
(Alcatel Lucent/ ECI/ Ericsson/Fujitsu/Huawei/NEC/ZTE
တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ)
(ခ) Interconnection Settlement & Mediation System
(၁)Interconnection Settlement Collection System 1(Lot)
(Advoss/Alcatel Lucent/Alepo/Ericsson/Huawei/
Nokia Siemens/ Subex/ZTE တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ)
(ဂ) Interconnection Settlement Charging System
(၁)(CvBS/NGBSS; Convergent, Prepaid & Postpaid,
Multi-Services Provider, CRM System) 1(Lot)
(Advoss/Alcatel Lucent/ Alepo/Ericsson/Huawei/
Nokia Siemens/ Subex/ZTE တို့မှ ထုတ်လုပ်သောစက်ပစ္စည်းများ)

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့နံနက် ၉း၃၀ နာရီမှ ဒီဇင်ဘာလ(၆)ရက်နေ့ ညနေ ၁၆း၀၀ နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ်(၁၀၃)၊ လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား အမှတ်စဉ်(က)နှင့်(ဂ) တို့အတွက် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀၀နှုန်းစီဖြင့်လည်းကောင်း၊ အမှတ်စဉ်(ခ)အတွက် တင်ဒါပုံစံနှင့် RFP(Request for proposal) တစ်စုံလျှင် ကျပ်၁၀၀၀၀၀နှုန်းဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။(က) စက်ပစ္စည်းများတင်သွင်းရောင်းချလိုသည့် ပြည်တွင်းပြည်ပကုမ္ပဏီများသည် တင်ဒါပုံစံနှင့် RFP,Technical & Service proposal) များတွင်ဖြည့်သွင်းရမည့်အချက်အလက်များပြည့်စုံစွာ ထည့်သွင်းလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ်(၁၀၃)၊လမ်း(၄၀) ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ်၊ဒီဇင်ဘာလ(၁၀)ရက်နေ့ နံနက် ၉း၃၀ နာရီမှ ဒီဇင်ဘာလ(၁၉)ရက်နေ့ နံနက် ၁၁း၀၀ နာရီအတွင်း တင်ဒါတင်သွင်းကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

၃။(ခ) တင်ဒါတင်သွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ စက်ပစ္စည်းများအား Price နှင့် Performance ယှဉ်တွဲစဉ်းစား ရွေးချယ်သည့် နည်းလမ်းဖြင့်တင်ဒါစိစစ်၊ ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ တယ်လီဖုန်းအမှတ်(၀၁-၃၇၀၄၄၄၊၀၁-၃၇၂၄၄၄)နှင့် (၀၉-၄၅၀၁၂၃၄၅၆၊ ၀၉-၅၀၂၁၀၈၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# မိမိဘဝကိုမြှင့်တင်

မိမိဘဝကို ဘယ်လိုမြှင့်တင်ရမလဲဟူသည့် အတွေးအခေါ်ကို ကျွန်တော် ငယ်စဉ်၊ သိတတ်စအရွယ်မှစပြီး အမြဲတွေးတောမိခဲ့ပါသည်။ ကျွန်တော်၏ ဖခင်မှအမြဲလိုသွန်သင်ဆုံးမနေ၍ဖြစ်ပါသည်။

ကျွန်တော်မှလည်း ကြုံလျှင်ကြုံသလို အခွင့်သာတိုက်ဆိုင်သည့်အချိန် များတွင် မိမိ၏ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်း၊ မိတ်ဆွေများ၊ တပည့် တပန်းများ၊ နီးစပ်သည့်ပုဂ္ဂိုလ်များအားတစ်ဆင့် ပြန်လည်ဖောက်သည်ချမြဲ ဖြစ်ပါသည်။

ဦးနှောက်သည် တွေးနေရမည်။ ကလောင်သည်ရေးနေရမည်။ ဓားသည် သွေးနေရမည်။ သို့မှသာ သွက်လက်ထက်မြက်ပြတ်ရှနေပြီး လိုသလိုအသုံးပြု နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ဘဝခရီးတိုးတက်ရန် အရေးအသားသွက်လက် နေရန်၊ ထက်မြက်နေရန်၊ အချိန်ရှိခိုက်လုံ့လစိုက်ဆိုသလို အမြဲတွေး၊ အမြဲရေး၊ အမြဲသွေးနေရမည်ဖြစ်သည်။

သွက်လက်ထက်မြက်ပြတ်ရှနေရန်အတွက် မိမိတွင်လည်း ပါရမီရှိရန် လိုပါသည်။ ပါရမီဆိုသည်မှာ ပြုခဲ့ဖူးသည့် အကြောင်းတရားများ ဖြစ်သည်။ အကြောင်းတရားကြောင့် အကျိုးတရားရှိလာခြင်းဖြစ်သည်။ အကျိုးတရားကို ပါရမီဟုခေါ်ဆိုက မှားအံ့မထင်ပါ။ သူ့အိုးနှင့်သူ့ဆန် တန်ရုံသာရမည်ဟု ဆိုကြ ပြန်သည်။ တန်ရုံသာရမည်ဆိုရာတွင် ပြုခဲ့ဖူးသည့် အကြောင်းတရားကောင်းရန် လိုအပ်မည်ဟုထင်ပါသည်။

မိမိဘဝမြင့်ရန်ကြိုးစားအားထုတ်ရမည်။ ဇွဲရှိရမည်။ လုံ့လဝီရိယစိုက် ထုတ်ရမည်ဖြစ်သည်။ ကြိုးစားအားထုတ်မှုသည် အောင်မြင်ခြင်းရဲ့ လမ်းစ ဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သည်။

အစကောင်းရန်အတွက် ငယ်စဉ်မှစ၍"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗ စရိယ မိနှင့်ဖ"ဆိုသလို အမိအဖ၏ဆိုဆုံးမမှုကို မြေဝယ်မကျ နားထောင်ရန် လိုအပ်သည်။ "မိဘစကားနားထောင်ငြား၊ သံပြားကျောက်ဆောင်ကျိုးသော် ပြောင်၏"တဲ့ မှန်ပါသည်။"မိဘရိုသေ၊ဘေးရန်သွေ"တဲ့။ ဖဝါးလက်နှစ်လုံး၊ပခုံး လက်နှစ်သစ်မှစ၍ လူဖြစ်အောင်မွေးခဲ့သည့် အမိအဖတို့သည် မိမိတို့၏ ရင်သွေး သားသမီးများကို လူ့အောက်ကျမှာစိုးရိမ်ကြသူများ ဖြစ်ကြပါသည်။ မိမိတို့၏သားသမီးများ အဆင့်မြင့်မြင့်၊ အဆင့်ရှိရှိဖြင့် ပညာတတ်ကြီးများ ဖြစ်လိုကြသည်မှာ ဆန္ဒအမှန်ဖြစ်ကြသည်။

သို့ဖြစ်၍ လူတစ်လုံးသူတစ်လုံးဖြစ်ရန် လုပ်ဆောင်ကြိုးစားကြရမည်မှာ မိမိတို့တာဝန်သာဖြစ်သည်။ ဘဝကို ရေစုံမျောလိုက်နေ၍မဖြစ်ပါ။ ဟိုကွေ့ ဟိုတက်နဲ့လှော်၊ ဒီကွေ့ဒီတက်နဲ့လှော်မှမှန်ပါသည်။ တက်ကျိုးလျှင်လက်ထိုး လှော်မည်ဟူသည့် ဆောင်ပုဒ်အတိုင်းတက်ကျိုးလျှင် လက်ထိုးလှော်မှ လိုရာခရီး ရောက်မည်ဖြစ်သည်။

တကယ်ဖြစ်ချင်တကယ်လုပ်အဟုတ်ဖြစ်ရမည်ဟူသည့် အားဖြည့်လမ်း ညွှန်ဆောင်ပုဒ်ကလေးကို အမြဲအမှတ်ရနေရမည်ဖြစ်ပါသည်။ အဆင့်တစ်ခု ပေါ်တက်သည်ဆိုရာတွင် အဆင့်တစ်ခုသည် တစ်ဆင့်အလျောက်မြင့်မည် ဖြစ်ပြီး အဆင့်များသည်နှင့်အမျှ အမြင့်ဆုံးသို့ရောက်မည် ဖြစ်သည်။

မိမိဘဝများများမြင့်ရန် အဆင့်များများတက်ရန်လိုအပ်သည်။ အဆင့်ဆို ရာ၌ ဘဝရည်မှန်းချက်ပန်းတိုင်ကို ဆိုလိုရင်းဖြစ်သည်။ အဆင့်ရှိရန်ကြိုးစား ကြရမည်။ ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူးဆိုသလို ရည်မှန်းချက်ရှိ ရမည်ဖြစ်သည်။ ရည်မှန်းချက်အောင်မြင်ရန် ရောက်ရန်လုပ်ဆောင်ရမည်။ အကောင်အထည်ဖော်ရမည်။ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် လုပ်ဆောင် ရမည်။ အပြောလျှော့ပြီး အလုပ်ဖြင့် သက်သေပြရမည်။ ဇွဲပျော့နေ၍ မဖြစ်ပါ။

အဆင့်ရှိရန် အဆင့်မြင့်ရန်ဟူသည့် စကားရပ်နှစ်ခုသည် အမြဲတွန်တွဲနေ သော်လည်း အဓိပ္ပာယ်ကား ခြားနားလှပါသည်။ အဆင့်ရှိပြီး အဆင့်မြင့်ချင်မှ မြင့်မည်ဖြစ်သကဲ့သို့ အဆင့်မြင့်ပြီး အဆင့်ရှိချင်မှရှိမည်ဖြစ်သည်။

အဆင့်ရှိပြီး အဆင့်မြင့်မှ အခြေခိုင်ပြီး အများတကာ၏ လေးစား ကြည်ညိုချစ်ခင်ခြင်းခံရမည်ဖြစ်သည်။ အဆင့်မြင့်ပြီး အဆင့်မရှိပါက အနှစ် မရှိ အကာသက်သက်သာဖြစ်မည်။(အဆင်းရှိပြီး အချင်းမရှိဆိုသလိုဖြစ်မည်) ထို့ကြောင့်အဆင့်ရှိပြီး အဆင့်မြင့်ရန် အထူးလိုအပ်ပါသည်။

ရည်မှန်းချက်မရှိသည့်လူသည် လှော်တက်မရှိပဲ့ထိန်းမပါသည့် လှေကဲ့သို့ ရေစုန်တွင်မျောချင်တိုင်းမျောနေမည်ဖြစ်သည်။ အားထုတ်မှုကို လှော်တက် သဖွယ်အသုံးပြုပြီး ကြိုးစားမှုပဲ့ထိန်းဖြင့် လိုရာသွားရန်လိုအပ်ပါသည်။

မည်သည့်အလုပ်မဆို ပြီးစလွယ်စီးစလွယ် မလုပ်မိရန် ဂရုပြုရမည်။ မိမိအားအထက်အရာရှိ အကြီးအကဲများမှလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက် များမှလည်းကောင်း ပတ်ဝန်းကျင်မှလည်းကောင်း ယုံကြည်လေးစားအားထားမှု ရှိရန် အမြဲလိုအပ်သည်။

အများ၏ယုံကြည်လေးစားအားထားမှုရှိရန် နေထိုင်ကျင့်ကြံလုပ်ဆောင် ရမည်။ ကတိကို ပြီးစလွယ်မပေးအပ်၊ ဆိုခဲစေ မြဲစေဖြစ်ရမည်။ သို့မှသာ မည်သည့်လုပ်ငန်းတွင်မဆို အောင်မြင်မည်ဖြစ်သည်။ လုပ်ငန်းအောင်မြင်မှ ရည်မှန်းချက်ပြီးမြောက်မည်။ ရည်မှန်းချက်ပြီးမြောက်မှ အဆင့်မြင့်မည်ဖြစ် သည်။ အဆင့်မြင့်ရန် အဆင့်မြှင့်ရမည်။ အဆင့်မြှင့်ရန်အတွက် အဆင့်ရှိရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မိမိဘဝကိုမြှင့်တင်ရန် အမြဲလိုအပ်နေကြောင်း အမြဲကြံဆ လုပ်ဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**မောင်မောင်ဝင်းမြင့်(မှူခင်း)**



## သမိုင်းဝင်ပန်းအိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်စေတီတော်ကြီး၏ ထီးတော် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်

**မလှိုင် ဒီဇင်ဘာ ၁**

သီရိမင်္ဂလာ... သီရိဓမ္မာသောကမင်းတရားကြီးတည်ထားကိုးကွယ်တော်မူခဲ့သော မလှိုင် မြို့နယ် သမိုင်းဝင် ပန်းအိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်စေတီတော်ကြီး၏ ဟောင်း နွမ်းနေသောထီးတော်ကြီးအား ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းသွားမည်ဖြစ် ကြောင်း သိရသည်။

"စေတီတော်ကြီး၏ ထီးတော်အရောင်အဆင်းကမှေးမှိန်နေတော့ ဟောင်း နွမ်းနေပြီပြောရမှာပေါ့၊ ဒါကြောင့် ဘုရားကြီးရဲ့ ဩဝါဒါစရိယဆရာတော်ကြီး များနှင့် အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုကိုခံယူပြီး ထီးတော်ကြီးကို အသစ်တစ်ဖန်ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသွားမှာဖြစ်ပါတယ်။ထီးတော်ကြီး အပြင် ငှက်ပျောဖူးအထိပါ ရွှေချသွားဖို့အစီအစဉ်ရှိပါတယ်။ ကာလတန်ဖိုး သိန်း ၆၅၀ ကျော်ဖိုးခန့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသွားမှာပါ"ဟု ဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကတွဲဖက်အတွင်းရေးမှူးဦးသန်းညွှန့်က ပြောပြသည်။ ထီးတော်ကြီးကိုရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းနေချိန် အနယ် နယ်အရပ်ရပ်မှ စေတနာရှင်မိဘပြည်သူများအနေဖြင့် ဘုရားကြီး၏ ဂေါပက ဥက္ကဋ္ဌ ဖုန်း-၀၉-၄၀၂၇၂၃၂၅၈ နှင့် အတွင်းရေးမှူး ဖုန်း-၀၉-၄၀၂၇၂၃၂၆၂၊ ၀၉-၄၇၁၄၀၁၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။အောင်ဌေး(မလှိုင်)

## အစိုးရ/စီးပွားရေးကြော်ငြာ

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံးချုပ်မော်တော်ယာဉ်ဌာနနှင့် စက်ရုံ၊ ခွဲရုံ၊ လိုင်းရုံးများရှိ ယာဉ်များအတွက် လိုအပ်သော တာယာမျိုးစုံ (၄၁၂၂)လုံး၊ ဘက်ထရီမျိုးစုံ (၁၂၈၁)လုံးနှင့် အင်ဂျင်ဝိုင်(၁၀၄)ပေပါတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂-၁၂-၂၀၁၃ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၆-၁၂-၂၀၁၃ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၂း၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ရန်ကုန်တိုင်းဒေသ ကြီးအတွင်း ဆေးပစ္စည်းများပေးပို့ရန် (၄)တန်မော်တော်ယာဉ်များကို ငှားရမ်းလိုပါ သည်။

တင်သွင်းလိုသူများသည် ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)စကားဝါလမ်း၊ ဒဂုံမြို့ နယ်သို့တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုရုံးချိန်အတွင်း လာ ရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် | -၂၅-၁၁-၂၀၁၃ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | -၂၄-၁၂-၂၀၁၃၊ မွန်းလွဲ(၂း၀၀)နာရီ |

ဆက်သွယ်ရန်ဖုန်း-၃၇၂၃၆၂၊ ၃၇၁၉၆၉(၂၁၆)

**ဗဟိုဆေးသိုလှောင်ရေးဌာန**

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်း များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ/ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | တင်သွင်းရမည့်နောက်ဆုံးနေ့ရက်(အချိန်) |
|---|---|---|
| ၁။ | ဝန်ထမ်းတူညီဝတ်စုံချုပ်လုပ်ပေးသွင်းခြင်း | ၁၇-၁၂-၂၀၁၃ |
| ၂။ | မီးသတ်ဆေးဘူး/လုပ်ငန်းသုံးပစ္စည်းများ | ၁၀း၃၀ နာရီ |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၄-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်းဆက်သွယ်ရယူနိုင်ပြီး၊ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းအမှတ်-၈၆၁၀၂၂၉၊ ၈၆၁၀၂၃၁ နှင့် ၈၆၁၀၂၃၂တို့ကို စုံစမ်းနိုင်ပါသည်။

**ဗဟိုပစ္စည်းထိန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### အမည်မှန်

ဦးမြင့်ဆွေ၏သမီး ကျိုက်လတ်မြို့(၅)ရပ်ကွက်၊ လမ်းမတော်လမ်းနေ မအေးဇာခြည်ဆွေ[၁၄/ကလန(နိုင်)၁၄၂၅၇၂]၏ အမည်မှန်မှာ မအေးဇာ ကြည်ဆွေ ဖြစ်ပါကြောင်း။

**မအေးဇာကြည်ဆွေ**




### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဆင်စုနယ်မြေ၊ ကွင်းအမှတ်(10C)၊ ဆင်စု အကွက်၊ ဦးပိုင်အမှတ်-၆၈၊ မြေချိန်ဧရိယာ ဒသမ(၀. ၀၅၃)ဧကရှိ ဂရန်မြေ အကျိုးခံစားခွင့်နှင့် ယင်းမြေပေါ်ရှိ (၄)ပင်×(၃)ခန်း၊ ပျဉ်ကာ၊ သွပ်မိုး၊ နှစ်ထပ်အိမ်နှင့် အကျိုးခံစားခွင့်အသီးသီးအား ဦးမြင့်ဌေး[၇/ရတန(နိုင်)၀၉၈၆၀၈]၊ ဒေါ်တင် တင်မော်[၇/ပမန(နိုင်)၀၀၀၈၈၇]တို့ထံမှ ကျွန်တော်၏မိတ်ဆွေ ဦးဇော်ဝင်းအောင် [၇/ပမန(နိုင်)၁၄၁၂၂၈]သည် ၂၀-၇-၂၀၁၃ရက်၌ စရန်ငွေပေးချေဝယ်ယူပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန္တာ(LL.B)** | **ဦးတေဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၀၉၆၁)** |
| **ကျွန်းတောလမ်း၊ ရွာဘဲရပ်၊ ပြည်မြို့** | **အမှတ်(၆၀)၊ တရုတ်စု၊ ပြည်မြို့၊** |
| | **ဖုန်း-၀၉-၄၃၀၀၆၁၀၈** |



**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး (၆၅)နှစ်**
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

နေပြည်တော်နေဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ် ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးဦးဝင်းသန်းနှင့်ဇနီးဒေါ်ရီရီဝင်းမိသားစု**
**ဒုတိယဝန်ကြီးဦးသောင်းတင်နှင့်ဇနီးဒေါ်တင်တင်အေးမိသားစု**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

---

# ဝမ်းနည်းကြေကွဲခြင်း

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅) နှစ်သည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

**ဦးတင့်နိုင်-ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့်မိသားစု**
**အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**အသက်(၆၅)နှစ်**

ဒေါက်တာဒေါ်ခင်မာမာ [ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်]၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ထမ်းမိသားစုများ**
**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**အသက်(၆၅)နှစ်**

ဒေါက်တာဒေါ်ခင်မာမာ [ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်]၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးဝန်ထမ်းမိသားစုများ**
**အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**အသက်(၆၅)နှစ်**

ဒေါက်တာဒေါ်ခင်မာမာ [ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်]၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးဝန်ထမ်းမိသားစုများ**
**မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**မြန်မာစာအဖွဲ့ဦးစီးဌာန**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြအေး

**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၆၅)နှစ်**

ဆရာကြီးဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်) မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ-**
**ဇော်ခိုင်ဦး၊ ကျော်နိုင်-နွယ်နီသင်၊ စုစုလှိုင်၊ စိုးစိုးဝင်း၊**
**တင်ထွန်းဦး၊ နေမျိုးနီ၊ မျိုးမြင့်၊ ခင်မာမြ၊**
**မြင့်မြင့်ဆန်း၊ အောင်စိုး၊ မောင်မောင်သိန်း-မစိမ်းစမ်း၊**
**ဖြူဖြူထွန်း၊ မော်မော်သန်း၊ သီတာလွင်**

---

**ဝမ်းနည်းကြေကွဲခြင်း**

မွန်ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏ဖခင် ဇေယျကျော်ထင် ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန် [တပ်မမှူး၊ အမှတ်(၇၇)၊ခြေမြန်တပ်မ(ငြိမ်း)]သည် ၂၇-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

**၁၉၇၄-၇၈(ရန်ကုန်တက္ကသိုလ်ပထဝီဝင်သူငယ်ချင်းများ)**

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး**
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၆၅)နှစ်**

ဒေါက်တာဒေါ်ခင်မာမာ(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့)နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထဲရေးဝန်ကြီးဌာန**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြအေး

**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၆၅)နှစ်**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဦးကျော်မြင့်လှိုင်(ဆည်မြောင်း)-ဒေါ်စန္ဒာခင်(ယဉ်ကျေးမှု)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**လင်းရောင်(မင်းလှ)**
**အသက်(၈၉)နှစ်**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့၏အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်မြင့်လှိုင်(ဆည်မြောင်း)-ဒေါ်စန္ဒာခင်(ယဉ်ကျေးမှု)**

---

## ဒေါ်ကြည်ကြည်ညွှန့်

**အသက်(၈၉)နှစ်**
**(စလင်း/စကုမြို့နယ်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ (YCDC Apartment)၊ အခန်းအမှတ်(၄၀၂) နှင့် စလင်း/စကုမြို့နယ်နေ (ဦးဘညွှန့်-ဒေါ်အိမ်စော)တို့၏သမီး၊ [ဦးမျိုးစိန်(အငြိမ်းစားညွှန်ကြားရေးမှူး၊ စစစနှင့် အကောက်ခွန်)]၏ဇနီး၊ ရန်ကုန်မြို့နေ ဦးလှသိန်း[ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း]၊ ဒေါ်မာလာမျိုးစိန်၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဒေါက်တာထွန်းအောင်ကျော်၊ ဒေါ်ဥမ္မာမျိုးစိန်၊ ဆစ်ဒနီမြို့နေ ဒေါက်တာဝင်းမောင်၊ ဒေါ်ပန်ထွာမျိုးစိန်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ကြည်ကြည်ညွှန့်သည် ၂၈-၁၁-၂၀၁၃ရက် ညနေ ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၃ရက် နံနက် ၇း၃၀ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ကိုသန်းထွင်(Albert) (၄၂)နှစ်

**B.Sc(Bot), A.G.T.I(E.C) (အင်းစိန်)**
**အထက(၁)ဒဂုံကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတို၊ အမှတ်(၉)၊ သုံးလွှာ (A,B)နေ (ဦးမျိုးညွှန့်-ဒေါ်သန်းမေ)တို့၏မြေး၊ ဦးစိန်အောင်-ဒေါ်ရင်ရင်မြင့်တို့၏စတုတ္ထသား၊ ဦးသိန်းနိုင်၊ ဒေါ်သီဂီအောင်၊ ဦးကျော်ကျော်လွင်-ဒေါ်အေးဝေဝေသွင်တို့၏ ညီ/မောင်၊ မနွယ်နွယ်အောင်၏အစ်ကို၊ မောင်ကျော်ဇေခန့် (G-6 B, အထက-၁၊ ဒဂုံ)၊ မောင်ကောင်းဆက်ခန့် (G-3 D,၊ အထက-၁၊ ဒဂုံ)တို့၏ ဦးလေးသည် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် တရုတ်နိုင်ငံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာမြအေး**
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၆၅)နှစ်**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာရီရီသူ၊ ဒေါက်တာမွန်မွန်သူ**
**ရန်ကုန်တက္ကသိုလ်**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာထင်လှ**
**အသက်(၅၉)နှစ်**

ဒေါက်တာဥမ္မာကျော်၏ခင်ပွန်း ဒေါက်တာထင်လှသည် ၂၇-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကိုကို-ဒေါ်သီတာအေး**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ညွှန့်

**အသက်(၄၆)နှစ်**
**District Manager (Myanmar)**
**Australian Mud Company, Oil and Gas Pty, Ltd.**
**Adelaide, Australia**

ဩစတြေးလျနိုင်ငံ Adelaide မြို့နေ ဒေါ်ခင်မမ၏ခင်ပွန်း၊ မောင်ဗညားဆက်နှင့် မယွန်းနဒီတို့၏ဖခင် ဦးကျော်ညွှန့် (District Manager, AMC Oil & Gas)သည် ၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့)တွင် ရုတ်တရက်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်ဝင်းအောင် (Drilling Fluids Engineer, AMC Oil & Gas)-မမိုးသက်စံ**
**မိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဣန္ဒာစက္က(တိမ်းဖာ)တောင်

**သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ စင့်ကင်အုပ်စု၊ မဟာစည်ရိပ်သာကျောင်းတိုက် သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်ရှိ ဘဒ္ဒန္တဣန္ဒာစက္က မဟာထေရ်မြတ်ကြီးသည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၂၇-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်) ၅-၁၂-၂၀၁၃ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိ ဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**တပည့်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြအေး (၆၅)နှစ်

**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**

ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

---


Peace Myanmar Group Co., Ltd
PMG Co., Ltd

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးထွင့်လှိုင်မှီ(1st Mate/FG)

**အသက်(၄၂)နှစ်**
**C.D.C-20406, R.C.L SHIPPING Co.**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ်(၂)လမ်း၊ မ/၅ နေ ဦးတင်လှိုင်မှီ(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လေကြောင်း)-ဒေါ်မြမြသန်း(ခ)Lorna တို့၏ ချစ်လှစွာသောသား၊ ဒေါ်ခင်မာအေး၏ခင်ပွန်း၊ မောင်ထက်လှိုင်မှီ(ခ) ဖိုးလပြည့်၏ချစ်လှစွာသော ဖခင်သည် ၂၆-၁၁-၂၀၁၃ ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**မြန်မာ့လေကြောင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးဟန်တင်**
**အသက်(၇၉)နှစ်**

သူငယ်ချင်း ကိုလှမျိုး(မြိတ်)၏ဖခင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်းပါကြောင်း။

**ရန်ကုန်တက္ကသိုလ် ကြည့်မြင်တိုင်နယ်မြေမှ**
**၁၉၈၃ ခုနှစ် ဓာတုဗေဒကျောင်းသား၊ ကျောင်းသူ**
**သူငယ်ချင်းများအဖွဲ့**

---

# ကျေးဇူးဥပကာရအထူးတင်ရှိခြင်း

ဦးအေးလွင် (ညွှန်မှူး/ငြိမ်း၊ ရေကြောင်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာသီတာအေးလွင်၊ ကိုဝဏ္ဏဟန်-မကြည်ပြာတို့၏ ချစ်လှစွာသောမိခင်၊ ၂၀-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသော ဒေါ်ချိုချိုတင့် အသက် (၆၁) နှစ်၏ နာရေးအတွက် လိုအပ်သော ကိစ္စအဝဝအား လိုလေသေးမရှိအောင် ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ဝိုင်းဝန်းအားပေးကူညီဆောင်ရွက်ပေးကြပါသော ဦးမောင်မောင်ကြီးနှင့် ဦးကိုကိုအောင် အမှူးပြုသည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းနှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအမှတ်စဉ် (၄/၇၀)မှ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်အရာရှိများအားလည်းကောင်း၊ ဦးရဲမြင့်ဖေ အမှူးပြုသော ရေကြောင်းအင်ဂျင်နီယာအသင်းမှ အမှုဆောင်များ၊ လုပ်ဖော်ကိုင်ဖက်အင်ဂျင်နီယာများအားလည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦး အမှူးပြုသည့်အရာရှိနှင့် ဝန်ထမ်းလုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ဆရာဦးမျိုးသိန်း အမှူးပြုသော ရေကြောင်းအင်ဂျင်နီယာအသင်းသင်တန်းကျောင်းမှ ဆရာများ၊ ဝန်ထမ်းများ၊ သင်တန်းသားများအားလည်းကောင်း၊ ဦးဇော်လွင်ဦးအမှူးပြုသော မြန်မာနိုင်ငံရေကြောင်း ကောလိပ်မှ ဆရာများ၊ သင်တန်းသားများ၊ သင်တန်းအပတ်စဉ် အသီးသီးမှ ရေကြောင်းနှင့် အင်ဂျင်နီယာအရာရှိများအားလည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ နိုင်ငံရပ်ခြား၌ ကွယ်လွန်သူကိုယ်စား လှူဒါန်းမှုကုသိုလ်ပြုလုပ်ပေးပါသော ဆရာဦးစိန်မောင်နှင့်ဇနီး ဒေါ်ခင်မေရီမိသားစုအားလည်းကောင်း၊ ဈာပနအခမ်းအနားတွင် ပန်းခြင်းများပေးပို့မှုဝေခံစားပေးကြပါသော ဒေသခံ Shipping company များ၊ ဆွေမျိုးမိတ်သင်္ဂဟ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ Vibhavadi Hospital နှင့် Bangkok Hospital (Sea Lion Co.,Ltd.) တို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့အား ဝိုင်းဝန်းလှူဒါန်းကုသိုလ်ပြုပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း၊ ကိုယ်ချင်းစာနာစိတ်အပြည့်ဖြင့် နှစ်သိမ့်အားပေး သတင်းမေးမြန်းကြပါသော ရပ်ဝေးရပ်နီးမှ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင်(အောင်ဥပဒေ)
### အသက်(၆၈)နှစ်
**အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**
**တရားလွှတ်တော်ရှေ့နေ၊နိုတြီပဗ္ဗလစ်**
**B.A(Law), LL.B; M.A(Business Law), D.I.L, D.M.L, D.B.L**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ခြံအမှတ်(၁၉)၊ ဒုတိယဝန်ကြီးအိမ်ရာနေ (ဦးခင်မောင်-ဒေါ်ဒေါ်သောင်း)တို့၏သား၊ ဦးလှထွေး-ဒေါ်တင်ပိုတို့၏သားသမက်၊ ဒေါ်မူမူအေး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုကြီး)-ဒေါ်ရင်ရင်ရွှေ၏မောင်၊ ဦးကျော်ဝင်း-ဒေါ်ခင်မြင့်မြင့်၏ ညီ၊ (ဦးမြင့်တင်)-ဒေါ်ဝင်းဝင်းဆွေ၊ (ဦးမြင့်ဆွေ)-ဒေါ်ပိုးပိုး၊ ဦးခင်မောင်အေး၊ ဦးခင်မောင်ဌေး-ဒေါ်မာသန်းနီ၊ (ဦးမြင့်အောင်)-ဒေါ်သန်းသန်းအေးတို့၏ အစ်ကို၊ ဒေါက်တာယဉ်ယဉ်ထွန်း(ဂျမေကာ)၊ ကိုကျော်စွာလင်း-မတိုးတိုးဇော်(စင်ကာပူ)၊ ဒေါက်တာဝင်းဇော်-ဒေါက်တာအေးမြလွင်(ဂျမေကာ)၊ ကိုမြင့်သန်းအောင်-မသီတာလွင်(စင်ကာပူ)တို့၏ ဖခင်သည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၃နာရီတွင် ခုတင်-၁၀၀၀ အထူးကုဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်လွင်
### အသက်(၆၈)နှစ်
**အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်လွင် အသက်(၆၈)နှစ်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်လွင်
### အသက်(၆၈)နှစ်
**အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်လွင်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်လွင်
### အသက်(၆၈)နှစ်
**အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်လွင် အသက်(၆၈)နှစ်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ**
**လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (၈၉)နှစ်
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**လင်းရောင်(မင်းလှ)**

ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူ(ယဉ်ကျေးမှုဝန်ကြီးဌာန)-ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၉-၁၁-၂၀၁၃ရက် ညနေ ၆း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)
### (လင်းရောင်-မင်းလှ)
### အသက်(၈၉)နှစ်

ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း)(လင်းရောင်-မင်းလှ)သည် ၂၉-၁၁-၂၀၁၃ ရက် ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

---

## ဦးဟန်ရွှေ(ခ)ဦးမိုင်ညောင်(ဖျာပုံ) (၈၃)နှစ်

ဖျာပုံမြို့၊ ဒုတိယလမ်းအမှတ်(၄၇)နေ ဒေါ်ရှုတင်၏ခင်ပွန်း၊ ဦးသန့်ဇင်၊ ဦးနေဝင်းမောင်-ဒေါ်သီတာမွန်၊ ဒေါ်ခင်ခင်မွန်၊ ဗိုလ်မှူးသန့်ဇင်လတ်-ဒေါ်အေးအေးသန်း(ခ)ဒေါ်မြတ်မြတ်မွန်တို့၏ဖခင်၊ မောင်သူရဝင်းထွဋ်၊ မအေးအေးစန္ဒာမောင်၊ မလှဲ့လှဲ့စန္ဒာမောင်၊ မစုစုစန္ဒာမောင်၊ မောင်မြတ်ဝင်းမောင်၊ မောင်စစ်ရန်အောင်၊ မနှင်းရွှေရည်သန့်တို့၏အဘိုးသည် ၃၀-၁၁-၂၀၁၃ရက် နံနက်၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သင်းသင်းအေး (၇၃)နှစ်
**မြန်မာစာအဖွဲ့(ငြိမ်း)၊ ၆မိုင်ခွဲ**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်(၁၂၉)၊ သုံးလွှာနေ (ဦးမွန်တိတ်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးအောင်သိန်း၏ ဇနီး၊ ဒေါ်သန်းသန်းမြင့်(လှည်းကူး)၏ အစ်မ၊ ကိုကျော်ကျော်အောင်၊ မမြသူဇာ၊ မဝေဝေသင်းတို့၏ မွေးသမိခင်သည် ၃၀-၁၁-၂၀၁၃(စနေနေ့) ည ၉း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ကျောင်း ဒါယိကာမ
## ဒေါ်ရင်မေ(မုံရွာ) (၈၇)နှစ်

မန္တလေးအောင်မြေသာစံမြို့နယ်၊ (၁၉)လမ်းနှင့် လမ်း (၂၀)ကြား၊ (၆၅)လမ်းနှင့် (၆၆)လမ်းကြား၊ နန်းဦးလမ်းသွယ်၊ နန်းဦးရတနာခြံနေ (ဦးလှမြင့်)၏ ဇနီး၊ ဦးထွန်းကြည် (ကော်မတီဝင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်အုန်းအုန်းမြင့်၊ မုံရွာမြို့နေ ဦးမြင့်စိုး-ဒေါ်ခင်မာဝေ၊ (ဦးကျော်သန်း)၊ ဦးစိုးလွင်အောင်-ဒေါ်သန်းသန်းမြင့်၊ ဦးသန်းအေး၊ နေပြည်တော်နေ ဦးသန်းထွေး-ဒေါ်လှဲ့လှဲ့၊ ဦးဝင်းဗိုလ်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃၀-၁၁-၂၀၁၃ (စနေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်သန်း (၈၄)နှစ်
### (ညောင်လေးပင်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ဘိုကလေးကျောင်းလမ်း၊ အမှတ်(၁၇)နေ (ဦးချန်ထွန်းမောင်-ဒေါ်နှင်းရင်)တို့၏သမီး၊ (ဦးမြသန်း)၏ ဇနီး၊ ဦးသန်းဝင်း-ဒေါ်ဝင်းကြည်၊ ဦးသိန်းဝင်း-ဒေါ်သိန်းမြင့်၊ ဦးထွန်းဝင်း၊ ဦးမြင့်အောင်၊ ဒေါ်ခင်မာကြည်-ဦးမျိုးအောင်၊ ဦးဘိုကြည်-ဒေါ်ဌေးဌေးမြင့်၊ (ဦးကျော်သက်စိုး)-ဒေါ်မိုးသူဇာတို့၏မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၁-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁၂း၅၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဟုတ်ဘင်(ခ)ဦးကျော်လွင်
## အသက်(၇၄)နှစ်
### (မော်လမြိုင်)

(ဦးတောက်ဝါ-ဒေါ်ကျင်မြိုင်)တို့၏ သားကြီး၊ (ဦးပါ)-ဒေါ်ကျင်ထွေးတို့၏ သားသမက်၊ အမှတ်(၃၂) ၆/က၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ကျင်ညိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူအောင်၊ မခိုင်ချိုယု၊ မယဉ်ယဉ်နွယ်တို့၏ ဖခင်၊ (ဦးကျော်ဇင်)-ဒေါ်သန်းတင့်၊ (ဦးသက်လွင်) - ဒေါ်အေးအေးခိုင်၊ (ဦးကျော်သွင်)-ဒေါ်အန်ဝေ့၊ ဦးဝင်းကြည်တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၆ ယောက်တို့၏ဘကြီး ဦးဟုတ်ဘင်(ခ)ဦးကျော်လွင်သည် ၃၀-၁၁-၂၀၁၃ ရက် ညနေ ၆း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းမြတ်(မော်လမြိုင်)
## အသက်(၆၈)နှစ်
**A.E(လျှပ်စစ်)ဆောက်လုပ်ရေး(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ လမ်းသွယ်(၁)၊ အမှတ်(၂၂၆)နေ (သခင်ထွန်းစိန်-ဒေါ်တင်တင်)တို့၏သား၊ (ဦးတင်မောင်-ဒေါ်အေးခင်)တို့၏သားသမက်၊ (ဒေါ်စန်းမြင့်)၊ ဒေါ်ချို၊ ဒေါ်လှလှသန်း၊ ဒေါ်အေးအေးတင့်၊ ဒေါ်ကြည်ကြည်စိုးတို့၏ အစ်ကို၊ မောင်၊ တူ/တူမ သုံးယောက်တို့၏ ဦးလေး၊ ဒေါ်စန်းကြည်၏ချစ်လှစွာသော ခင်ပွန်း၊ မောင်စိုးမင်းမြတ် (PSA Corporation Singapore)၊ မခိုင်ဇင်ဝေ (Capital Hypermarket) တို့၏ ချစ်လှစွာသောဖခင်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၃ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
### အသက်(၆၅)နှစ်

ဒေါက်တာခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**သမ္မတရုံးဝန်ကြီးဌာန(၃)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
### အသက် (၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့)နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်**
**ဇနီး ဒေါ်မြင့်မြင့်စိုး**
**နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ထမ်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက် တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီး**
**စက်မှုဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး-ဒေါ်စိုးဝတ်ရည်နှင့်**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**

ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ခင်ပွန်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည်၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်နှင့် ဇနီး ဒေါ်သူဇာဝေမိသားစု**
**ဝန်ထမ်းမိသားစုများ၊ စွမ်းအင်ဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ဒေါက်တာဒေါ်ခင်မာမာ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)၏ ခင်ပွန်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃(သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီဒေါ်ခင်ဝင်း**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြအေး
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
### အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြအေးသည် ၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**
### အသက် (၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**အထက(ဆိပ်ခွန်)၊ ပညာရေးမိသားစု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## တောင်ငူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလ
## သိက္ခာတော်(၇၀)၊ သက်တော်(၉၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ တောင်ငူကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဝိနယဂရု ဖြစ်တော်မူသော ဘဒ္ဒန္တသီလ မဟာထေရ်အရှင်သူမြတ်သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) ၃၀-၁၁-၂၀၁၃(စနေနေ့) ည ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ သဖြင့် (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်) ၆-၁၂-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမ အဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ဦးသုနန္ဒနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ
တောင်ငူကျောင်းတိုက်၊ ထားဝယ်မြို့

---

## ဒေါ်သန်းထွေး(ပျဉ်းမနား) (၉၂)နှစ်
**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**

ပျဉ်းမနားမြို့၊ မန်ကျည်းတောရပ်နေ (ဦးဘအေး-ဒေါ်အေးပုံ)တို့၏ သမီးထွေး၊ (ဦးချစ်)၊ (ဒေါ်ရင်နု)၊ (ဦးအောင်ရှိန်)တို့၏ညီမ၊ (ဦးအောင်သိန်း)၏ ဇနီး၊ ဖြူးမြို့၊ မြို့မအနောက်ရပ်နေ ဦးကျော်ဝင်း-ဒေါ်ခင်ဌေးမြင့်၊ (ဒေါ်ခင်ဌေးရီ)၊ မြို့မအနောက်၊ ကော်ပတ်ခြံ (၄)လမ်းနေ (ဦးဖိုးတိုး)-ဒေါ်ဝင်း၊ ပျဉ်းမနားမြို့၊ ဘုရားလမ်းနေ ဦးနေမျိုး-ဒေါ်ခင်ဌေးလွင်၊ ဦးဌေးအောင်တို့၏မိခင်သည် ၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့)တွင် မြို့မအနောက်၊ ကော်ပတ်ခြံ (၄)လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)တွင် ဖြူးမြို့ မြို့မအနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရဲဘော်ရဲဘက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**လင်းရောင်(မင်းလှ)**
### အသက်(၈၉)နှစ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း) အသက်(၈၉)နှစ်သည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်သူ-ဒေါ်လှဲ့လှဲ့ကြည်**
**ဥက္ကဋ္ဌ၊**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (၈၉)နှစ်
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**လင်းရောင်(မင်းလှ)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ(ယဉ်ကျေးမှုဝန်ကြီးဌာန)-ပါမောက္ခ ဒေါက်တာခင်ဆွေမြင့် (အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၉-၁၁-၂၀၁၃ရက် ညနေ ၆း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**
**(အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)နှင့်**
**ဇနီး ဒေါ်နန္ဒာမွန်း (ညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနနှင့်**
**အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (၈၉)နှစ်
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**လင်းရောင်(မင်းလှ)**

ဦးအေးမြင့်ကြူ(ပြည်ထောင်စုဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)-ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့)တို့၏အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) အသက်(၈၉)နှစ်သည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီဒေါ်ခင်ဝင်း**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### အသက်(၆၅)နှစ်
**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ် ဒေါက်တာဌေးအောင်နှင့်**
**မော်လမြိုင်တက္ကသိုလ်မိသားစု**

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း လာအိုနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ ၂**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညာဏ်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတမစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ ၂**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နေပြည်တော်၌ ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးဖွင့်ပွဲ ကျင်းပ

# တန်ဖိုးမြှင့် အချောထည်များ လက်ဝတ်ရတနာများပြုလုပ်ပြီး နိုင်ငံတကာသို့ တင်ပို့ရောင်းချရန် ရည်ရွယ်



**နေပြည်တော်　ဒီဇင်ဘာ ၁**

ကျောက်မျက်ရတနာများကို အရိုင်းအတိုင်းရောင်းချခြင်းအစား တန်ဖိုးမြှင့် (Value added) အချောထည်များ၊ လက်ဝတ်ရတနာများပြုလုပ်ပြီး နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန်၊ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာအချောထည်ဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်ချက်များဖြင့် ရွှေကြာပင်ကျောက်မျက်ရတနာအချောထည် ဈေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေကြာပင်ကျောက်မျက်ရတနာအချောထည် ဈေးမုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဈေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒေါက်တာမြင့်အောင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးယုန်းမူနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင် ဦးတာဝေတို့က ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးအတွင်းရှိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအချောထည်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၃

**စာမျက်နှာအပိုပါရှိ**

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ သုံးမျက်နှာနှင့် ကြော်ငြာစာမျက်နှာငါးမျက်နှာ စုစုပေါင်း အပိုရှစ်မျက်နှာ ပါရှိပါသည်။**

## နယူးယောက်တွင် ရထားလမ်းချော်မှုဖြစ်ပွား၊ အနည်းဆုံးနှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

**နယူးယောက်　ဒီဇင်ဘာ ၁**

ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက မီထရို-နော ခရီးသည်တင်ရထားတစ်စင်းသည် နယူးယောက်မြို့တွင် တနင်္ဂနွေနေ့နံနက်ပိုင်းက လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်းနှင့် အနည်းဆုံးနှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း စီအင်န်အင်န်သတင်းဌာန၏ အဆိုအရသိရသည်။

နယူးယောက်မြို့၏ ဒုတိယမြောက်ရထားစီးခရီးသည်အများဆုံးဖြစ်သည့် မီထရိုပိုလီတန် သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူများက အဆိုပါရထားသည် ဘရွန့်ဇရိယာရှိ စပယ်ယူတန် ဒူဗိလ် ဘူတာအနီးတွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



လမ်းချော်သွားသည့် ရထားပေါ်တွင် လိုက်ပါစီးနင်းလာသော ခရီးသည်တစ်ဦးဖြစ်သည့် အက်ဒွင် ဘယ်လီရိုက တိမ်းချော်သွားသောမည်သည့်ရထားတွဲများမျှ ဟာလမ်မြစ်ထဲသို့ ထိုးဆင်းမသွားသော်လည်း ရထားတွဲတစ်စင်းမှာ မြစ်ကမ်းပါးသို့ရောက်ရှိသွားကြောင်း ထုတ်ဖော်ပြောကြားသည်။

အခင်းဖြစ်ပွားသည့်နေရာအနီးတွင်နေထိုင်သူ ရီဘက္ကာ ဆွာရတ်ဇ်ဆိုသူက ရထားလမ်းချော်မှုဖြစ်ပွားသည်ကို မမြင်မကြားမိသော်လည်း အရေးပေါ်ယာဉ်များ အချက်ပေးသံနှင့် ဆိုက်ရောက်လာမှသိရှိရသည်ဟု ပြောကြားသည်။ အဆိုပါရထားပေါ်တွင် ခရီးသည်မည်မျှ စီးနင်းလိုက်ပါလာသည်ကို မသိရှိရသေးပေ။

**ဝါရှင်တန်ပို့စ်။**



ကြေးမုံ
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထူးထုတ်
ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၈ ရက်သာ လိုတော့သည်။ ၂ - ၁၂ - ၂၀၁၃ (တနင်္လာနေ့)

# ဆီးဂိမ်းအတွက် အပြီးသတ်လူစာရင်းကို မြန်မာ ယူ-၂၃ အသင်း ဒီဇင်ဘာ ၆ ရက်တွင် ရွေးချယ်မည်



(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃ အသင်းမှာ ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး အပြီးသတ်လူစာရင်းကို ဒီဇင်ဘာ ၆ ရက်တွင် ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ နိုဝင်ဘာ ၃၀ ရက်တွင် ခြေစမ်းပွဲ နောက်ဆုံးပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ပြီး အပြီးသတ်ရွေးချယ်နိုင်ရန် နောက်ဆုံးအဆင့် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၃ အသင်းအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်ကျော့ပြန် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်လျက်ရှိပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း ရွှေတံဆိပ်ရရှိရေးအတွက် ကြိုးစားကစားကြရန် မှာကြားထားသည်။

မြန်မာအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုတွင် ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိန်းထက်ဇော်

## ဒီဇင်ဘာ ၂ ရက်တွင် နေပြည်တော်၌ ဆီးဂိမ်းဘောလုံးပြိုင်ပွဲ လက်မှတ်စတင်ရောင်းချမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော် ဇေယျာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားမည့် ဘောလုံးပြိုင်ပွဲများအတွက် လက်မှတ်များကို ဒီဇင်ဘာ ၂ ရက်မှ စတင်၍ ပေါင်းလောင်းအားကစားကွင်း၊ နေပြည်တော်မြို့မဈေးရှိ ဆိုင်အမှတ်(ပ-၁၁၂)၊JUNCTION NAYPYITAW ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ် (၁)ဂိတ်တို့ရှိ သတ်မှတ် လေးနေရာ၌ ရောင်းချပေးသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်က ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ ဆီးဂိမ်းပြိုင်ပွဲအတွက် ဇေယျာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအတွက် တစ်ပွဲလျှင် ကွင်းဝင်ဆံ့နှုန်းအရ လက်မှတ် ၂၅၀၀၀ ရောင်းချပေးသွားမည်ဖြစ်ကာ ဒီဇင်ဘာ ၂ ရက်တွင် စတင်ရောင်းချမည့် ကြိုတင်လက်မှတ်များကို စာမျက်နှာ ၃ သို့ »»



## ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရန် ကြိုးပမ်းနေသည့် မြန်မာဗိုဗီနမ်

စာမျက်နှာ ၃ သို့ »»

## ဗိုလ်လုပွဲသို့ ရောက်အောင်သွားမည့် မြန်မာဖုဆယ် လက်ရွေးစင်အသင်း

စာမျက်နှာ ၂ သို့ »»

# SEA Games တွင် အဓိကနေရာမှပါဝင်မည့် IBC အကြောင်း တစေ့တစောင်း

**နေပြည်တော် ဒီဇင်ဘာ ၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးတွင် အားကစား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် နိုင်ငံတကာမှ မီဒီယာများအား သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် တည်ရှိသော IBC မှ ဆောင်ရွက်ပေးမည် ဖြစ်သည်။

IBC မှ International Broadcaster များအတွက် Broadcaster booth (ရုံးခန်း) ၂၀ ငှားရမ်းပေးမည်ဖြစ်သည်။ လက်ရှိကာလအထိ IBC ၏ အဆိုပါ ရုံးခန်း ၁၇ ခန်းကို Booking လုပ်ပြီးဖြစ်ကြောင်း၊ ၎င်းတို့ထဲမှ လေးခန်းကို ပြည်တွင်းမီဒီယာများဖြစ်သော MRTV, SKY NET, FOREVER, MWD တို့က ငှားရမ်းထားပြီး ကျန်အခန်းများကို နိုင်ငံတကာမီဒီယာများက ငှားရမ်းထားကြောင်း သိရသည်။

**စာမျက်နှာ ၂ သို့ »»**



ဓာတ်ပုံ-ALEZ

# ပြိုင်ဘက်ကို အထင်မသေးဘဲ အရှိန်ပြင်းပြင်းနှင့်လေ့ကျင့်လျက်ရှိသည့် မြန်မာလှေလှော်လက်ရွေးစင်အဖွဲ့

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၃ မျိုးတွင် လှေလှော်အားကစားနည်းသည်လည်း တစ်နည်းအပါအဝင်ဖြစ်သည်။ လှေလှော်အားကစားနည်းတွင် ကနူး/ကယက်လှေ၊ အပြည်ပြည်ဆိုင်ရာ လှေနှင့် ရိုးရာလှေပြိုင်ပွဲဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားထားပြီး ဒီဇင်ဘာ ၁၀ ရက်မှ ၂၁ ရက်အထိ နေပြည်တော် ငလိုက်ဆည်တွင် အားကစားနည်းအလိုက် ကျင်းပမည်ဖြစ်သည်။

လှေလှော်ပြိုင်ပွဲများတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ကနူး/ကယက်လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခု၊ အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ကိုးခုနှင့် ရိုးရာလှေပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၇ ခု အထိ ထည့်သွင်းချီးမြှင့်မည် ဖြစ်သည်။

ကနူး/ကယက်လှေလှော်ပြိုင်ပွဲတွင် လာအိုနှင့် အရှေ့တီမောနိုင်ငံမှလွဲ၍ ကျန်ကိုးနိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အရှေ့တီမောနိုင်ငံများမှအပ ပြိုင်ပွဲဝင် ခုနစ်နိုင်ငံကလည်းကောင်း၊ ရိုးရာလှေပြိုင်ပွဲတွင် နိုင်ငံပေါင်း ခုနစ်နိုင်ငံတို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအနေဖြင့် ပြိုင်ပွဲ အမျိုးအစားအလိုက် အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၉၆ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကနူးလှေပြိုင်ပွဲ ပွဲစဉ်များကို အတိုကောက်အားဖြင့် အင်္ဂလိပ်အက္ခရာ C ဖြင့် ကိုယ်စားပြုပြီး ကယက်လှေပြိုင်ပွဲ ပွဲစဉ်များကို အင်္ဂလိပ်အက္ခရာ K ဖြင့် ကိုယ်စားပြုဖော်ပြသည်။ ကနူးလှေပွဲစဉ်များကို C1, C2 စသည်ဖြင့် ဖော်ပြပြီး ကယက်လှေပွဲစဉ်များကို K1, K2 စသည်ဖြင့် ဖော်ပြသည်။ ကနူးနှင့်ကယက်ပွဲစဉ်များ သည် အားကစားနည်းတစ်ခုတည်းတွင် ပါဝင်သော်လည်း လှေတည်ဆောက်ပုံ၊ လှော်ခတ်ပုံနှင့် လှော်တက် စသည့် အဓိကကွဲပြားခြားနားချက်များ ရှိနေသည်။ အဆိုပါကနူး/ကယက် လှေလှော်အားကစားအသင်းအတွက် G to G စနစ်ဖြင့် တရုတ်နိုင်ငံမှ နည်းပြဆရာအပြင် ဟန်ဂေရီမှ ရွှေတံဆိပ်ဆုရ နည်းပြဆရာဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**စာမျက်နှာ ၃ သို့ »»**



ဓာတ်ပုံ-ALEZ

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ**
**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။)**
**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အင်ဂျင်နီယာပညာ** ဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေး ပညာရပ်တို့ကို လေ့လာ၊ သင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အခြေခံကာ သဘာဝသယံဇာတနှင့် လူသား အရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသော အဆောက်အအုံများ၊ စက်၊ ယာဉ်၊ ယန္တရားများ၊ ကိရိယာ တန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှု နည်းစဉ်များကို ဒီဇိုင်းတွက်ချက်၊ တည်ဆောက်၊ ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးချရသော ပညာရပ်ကို ဆိုသည်။

(ခ) **အင်ဂျင်နီယာအထူးပြုပညာရပ်** ဆိုသည်မှာ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာစသည့် အင်ဂျင်နီယာ အထူးပြုပညာရပ်များကိုဆိုသည်။

(ဂ) **နည်းပညာ** ဆိုသည်မှာ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထုတ်လုပ်ရာတွင် အထောက်အကူပြုသည့် လက်တွေ့အသုံးပြုရမည့် နည်းနိဿယများ၊ နည်းလမ်းများ၊ လုပ်ဆောင်ပုံများ၊ ဖြစ်စဉ်များနှင့် အခြားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အင်ဂျင်နီယာနည်းပညာများကို ဆိုသည်။

(ဃ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(င) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကိုဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဇ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဒီပလိုမာရရှိထားသူကို ဆိုသည်။

(ဈ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာဘွဲ့ရရှိထားသူကို ဆိုသည်။

(ည) **အင်ဂျင်နီယာ** ဆိုသည်မှာ ဤဥပဒေအရကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဘွဲ့ရရှိထားသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာ မှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဌ) **အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ လက်မှတ်၊ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်များကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ်ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ် အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ ဌာန တစ်ခုခုကဖြစ်စေ ထုတ်ပေးထားသည့် အသိအမှတ်ပြု လက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ဎ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိပြီး အင်ဂျင်နီယာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ အကြီးတန်းအင်ဂျင်နီယာ၏ အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(ဏ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် အင်ဂျင်နီယာအား ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(တ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား အင်ဂျင်နီယာအား စည်းကမ်းသတ်မှတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ထ) **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်** ဆိုသည်မှာ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားမှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို ဤဥပဒေအရကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **အင်ဂျင်နီယာဆိုင်ရာ** လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) **အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊**

(ဂ) **အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသောပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန်စသည့်လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျစေရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးမှုများကို လည်းကောင်း၊ လိုအပ်သော အရေးယူမှုများကိုလည်းကောင်း ဆောင်ရွက်နိုင်ရန်၊**

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။**

**အခန်း(၃)**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း**

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သောဝါရင့် အင်ဂျင်နီယာများ ပါဝင်သည့် ခုနစ်ဦးထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ၏ နာယကအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦးပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ၊ — ၁၅ဦး

(ခ) အင်ဂျင်နီယာနှင့်နည်းပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ၊ — ၁၅ ဦး

(ဂ) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှဝါရင့်အင်ဂျင်နီယာများ၊ — ၁၅ဦး

(ဃ) ပြင်ပမှထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ။ — ၁၅ဦး

၆။ ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင်များထဲမှဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်သတ်မှတ်တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ကျန်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရန်အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ် လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်စေလျက် ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းရမည်။

၈။ ကောင်စီနှင့်ကောင်စီဝင်များ၏ သက်တမ်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ကောင်စီ၏တစ်ကြိမ်သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင် သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ်ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) လက်ရှိကောင်စီသက်တမ်းကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီ၏နာယကအဖွဲ့ကကောင်စီအသစ်ကိုဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရမည်။

**အခန်း(၄)**
**ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့နှင့် နည်းပညာဒီပလိုမာများကို အခါအားလျော်စွာထုတ်ပြန်ကြေညာခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန် အလို့ငှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့်နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းနှင့် ဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရသူများကို အသိအမှတ်ပြုခြင်းနှင့်အသိအမှတ်ပြုရန်ငြင်းပယ်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန် အလို့ငှာကောင်စီက အသိအမှတ်ပြုထားသောဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန်လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းချင်းများကို သတ်မှတ်ခြင်း၊

(ဃ) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်း၊ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(င) အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့်အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့်အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဆ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ၊ နည်းပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှု အဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာပြည်ထောင်စု

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

ဝန်ကြီးဌာနများသို့ အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဈ ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့်လိုအပ်သည်များကို ပံ့ပိုးကူညီခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

( ည ) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

( ဋ ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှုရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်သို့မဟုတ် ညွှန်ကြားချက်နှင့်အညီစိစစ်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊

( ဌ ) ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေနှင့်အညီ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်အရာရှိချုပ် ဦးစီးသော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

( ဍ ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( က ) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

( ၁ ) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

( ၂ ) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

( ၃ ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

( ၄ ) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

( ၅ ) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ၊

( ၆ ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်း ကော်မတီ၊

( ၇ ) အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

( ၈ ) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်း ကော်မတီများ။

( ခ ) အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

( ဃ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

( င ) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

( စ ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

( ဆ ) နိုင်ငံတော်အတွက်အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၁။ ကောင်စီသည် ဤဥပဒေပါရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၂။ ကောင်စီသည် ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ်ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများဖွင့်လှစ်ရန် လိုအပ်လာပါကမှတ်ပုံတင်အရာရှိတစ်ဦးစီဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း(၅)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၃။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

( က ) နုတ်ထွက်ခြင်း၊

( ခ ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

( ဂ ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့်ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

( ဃ ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခံရခြင်း သို့မဟုတ် မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခံရခြင်း၊

( င ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံရခြင်း၊

( စ ) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကောင်စီကစစ်ဆေးတွေ့ရှိခြင်း၊

( ဆ ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

( ဇ ) ကွယ်လွန်ခြင်း။

## အခန်း(၆)
## အစည်းအဝေးများကျင်းပခြင်း

၁၄။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပဆောင်ရွက်ရမည်-

( က ) ကောင်စီ၏ပုံမှန်အစည်းအဝေးကို သုံးလလျှင်အနည်းဆုံးတစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

( ခ ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးများ ကျင်းပခြင်း၊

( ဂ ) ကောင်စီဝင်ဦးရေ၏အနည်းဆုံးလေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင်စာဖြင့်ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကိုခေါ်ယူပေးခြင်း။

၁၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံး ကျင်းပမည့်အစည်းအဝေးတွင် တင်ပြ၍အတည်ပြုချက်ရယူရမည်။

၁၆။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ အခါအားလျော်စွာ အသိပေးတင်ပြရမည်။

## အခန်း(၇)
## ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်-

( က ) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသော ငွေများ၊

( ခ ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့်အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

( ဂ ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၈။ ကောင်စီသည်-

( က ) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

( ခ ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုတည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

## အခန်း(၈)
## ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၀။ ပြည်တွင်းပြည်ပရှိအင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံတစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၁။ ( က ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၂။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီးလျှောက်ထားနိုင်သည်။

၂၃။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ( က ) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( ခ ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ထုတ်ပေးရမည်။

၂၅။ ( က ) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

( ခ ) ကောင်စီ၏ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရမည်။

## အခန်း (၉)
## အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၆။ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ( က ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၈။ ( က ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

( ခ ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကိုအောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီးမှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

၂၉။ ( က ) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

စာမျက်နှာ ၃ သို့

စာမျက်နှာ ၂ မှ

(ခ) ကောင်စီ၏ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ထုတ်ပေးရမည်။

၃၀။ (က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ်ထုတ်ပေးရန် ကောင်စီသို့လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြား စည်းကမ်းများသတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးနိုင်သည်။

(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံအပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ထုတ်ပေးရန် ကောင်စီသို့လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသောအချိန်ကာလနှင့် အခြား စည်းကမ်းများသတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

## အခန်း(၁၀)
## မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည်-

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီကသတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သောသတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများသည် ပုဒ်မ ၃၁ ပုဒ်မခွဲ (က)မှ (စ)ထိ အကျုံးဝင်သောတာဝန်နှင့် ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်။

၃၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

## အခန်း(၁၂)
## အယူခံခြင်း

၃၅။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၁၃)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၇။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသော အင်ဂျင်နီယာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများကို ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။

၃၈။ မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမဆို မိမိရရှိသော အဆင့်အတန်းနှင့် မလျော်ညီသော ဘွဲ့ အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် နည်းပညာကျွမ်းကျင်သူမျှ-

(က) မိမိ၏မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) မိမိ၏မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ စ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေနှင့်အညီ ထုတ်ပြန်သောတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း(၁၄)
## အထွေထွေ

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့က အင်ဂျင်နီယာ တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် ၎င်း၏သက်တမ်းသည် ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အား ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ် ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင် တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ။

၄၉။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်စီသို့လျှောက်ထားနိုင်သည်။

၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။

၅၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**










**Day To Day**
(Supermarket)
No.48, Kyaikansan Street,Tamway Township,Yangon.
Ph:551177, 551151

1. Chief Auditor(Only Stock Control) Female(1)Post
   - B.Com/CPA/LCCI Level(3) တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
   - စာရင်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိရမည်။
   - အသက်(၂၅)မှ (၃၅) နှစ်အတွင်း ဖြစ်ရမည်။
   - လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
   - Supermarket အတွေ့အကြုံရှိသူ ဦးစားပေးမည်။
   - တိကျသေချာ၍ မိမိအဖွဲ့အစည်းအား ဦးဆောင်နိုင်သူဖြစ်ရမည်။
   - Computer Excel ကျွမ်းကျင်ရမည်။
2. Sale Assistant M/F(20)Post
   - တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
   - အသက် ၁၈ မှ ၂၅နှစ်အတွင်း
   - ပြောဆိုဆက်ဆံမှုပြေပြစ်၍ ရုပ်ရည်အသင့်အတင့်ရှိရမည်။
3. Cashier Female(20)Post
   - တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
   - Computer Excel ကျွမ်းကျင်ရမည်။
   - အသက် ၁၈ မှ ၂၅နှစ်အတွင်း
   - ပြောဆိုဆက်ဆံမှုပြေပြစ်၍ ရုပ်ရည်အသင့်အတင့်ရှိရမည်။
4. Security Assistant M/F(30)Post
   - နေ့ည တာဝန်ထမ်းဆောင်နိုင်ရမည်။
   - အသက် ၂၀ မှ ၄၅နှစ်အတွင်း
   - ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းတာဝန်အပေါ်၌ စိတ်ဝင်စားမှုရှိသူ ဖြစ်ရမည်။
5. Cleaner M/F(20)Post
   - အသက် ၂၀ မှ ၅၀ နှစ်အတွင်း
   - ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းတာဝန်အပေါ်၌ စိတ်ဝင်စားမှုရှိသူ ဖြစ်ရမည်။

လျှောက်လွှာတင်လိုသူများသည် "ဓာတ်ပုံ(၃)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့ဖြင့် ကြော်ငြာပါပြီး (၂)ပတ်အတွင်း နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**Autumn Dream Group of Companies**
E-101,Kaba Aye Villa Residence, Mayangone Tsp;Yangon.
Ph 09-73135777, 09-73214777, 09-43008099

1. Chief Accountant F(1)Post
   - အသက်(၃၀)နှစ်နှင့်အထက် ဖြစ်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။
   - CPA/ACCA ပြီးမြောက်ပြီးသူ ဖြစ်ရမည်။
   - စာရင်းရေးဆွဲမှုလုပ်သက် အတွေ့အကြုံ(၅)နှစ်ရှိရမည်။
   - လုပ်ငန်း၏ (Finance Report)များ ရေးဆွဲနိုင်ရမည်။
   - Budget Plan ရေးဆွဲနိုင်ရမည်။ Accounting Software ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။
   - ကုမ္ပဏီတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
2. Senior Accountant F(2)Post
   - အသက်(၃၀)နှစ်နှင့်အထက်ဖြစ်ရမည်။
   - CPA/ACCA ပြီးမြောက်ပြီးသူ ဖြစ်ရမည်။
   - စာရင်းရေးဆွဲမှုလုပ်သက်အတွေ့အကြုံ(၅)နှစ်ရှိရမည်။
   - Accounting Software ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။
3. Assistant Manager F(1)Post
   - အသက်(၂၇)နှစ်နှင့်အထက်ဖြစ်ရမည်။
   - တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
   - (Business Administrationနှင့် ပတ်သက်သော Postgraduate Degree ရှိသူကို ဦးစားပေးမည်။)
   - ရုပ်ရည်အသင့်အတင့်ရှိရမည်။
   - လုပ်သက်အတွေ့အကြုံ(၃)နှစ်ရှိရမည်။ လိုအပ်ပါက ခရီးသွားလာနိုင်သူဖြစ်ရမည်။
4. Estimate Engineer M/F(3)Post
   - အသက်(၂၄)နှစ်နှင့်အထက်ဖြစ်ရမည်။
   - BE(Civil)ဘွဲ့ရဖြစ်ရမည်။
   - R/C Building, Steel Building များအား Structure ကျွမ်းကျင်စွာ တွက်နိုင်ရမည်။
   - လုပ်သက်အတွေ့အကြုံ(၂)နှစ်ရှိရမည်။ ခရီးသွားလာနိုင်သူဖြစ်ရမည်။

အထက်ပါရာထူးများအတွက် CV (၁)စုံ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ (၃)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်စဉ်အားလုံးအတွက် ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု အတွေ့အကြုံပေါ် မူတည်၍ ထိုက်တန်သောလစာနှင့် အထူးခံစားခွင့်များပေးမည်။

# ဝန်ထမ်းအလိုရှိသည်

အရောင်းစာရေးမ ဘွဲ့ရ မ(၂)ဦး
မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ
**ရွှေနဂါးပလက်တီနမ်ဆိုင် (01/02)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ သံဈေးအနီး၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**

ဝန်ထမ်းအလိုရှိသည်
([illegible])

1. Secretary မ (၁) ဦး
   [illegible]
2. Distribution ကျား/မ (၂) ဦး
   [illegible]
3. Reporter ကျား/မ (၃) ဦး
   [illegible]
4. Accountant မ (၂) ဦး
   [illegible] Computer Software [illegible]
5. PHP Web Developer ကျား/မ (၁) ဦး
6. Operation Staff ကျား (၁) ဦး

[illegible] CV Form [illegible]

**TODAY Publishing House Ltd**
[illegible]
ဖုန်း- [illegible]

# ဝန်ထမ်းအလိုရှိသည်

1. Chief Engineer M/F(1)Post
   ME/BE (Civil) လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်
   အထပ်မြင့်ဆောက်လုပ်ရေး၊ Steel Structure ကောင်းစွာ ကိုင်တွယ်နိုင်သူ ဖြစ်ရမည်။ Estimate တွက်နိုင်သူ ဖြစ်ရမည်။
2. Chief Accountant M/F(1)Post
   B.Com (သို့) LCCI Level III လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
3. Office Staff (Construction) M/F(3)Posts
   ဘွဲ့ရ၊ Computer Basic
4. Office Staff (Car Showroom) M/F(3)Posts
   ဘွဲ့ရ၊ Computer Basic
5. General Worker (Car Showroom) M(2)Posts

လျှောက်ထားလိုသူသည် ကုမ္ပဏီသို့ CV နှင့်တကွ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**Swel Taw Ywet Business Group Co.,Ltd.**
ဖုန်း-၀၉-၇၃၀၈၁၆၉၆၊ ၀၉-၄၂၀၂၇၈၈၂၅
အမှတ်(D-3)၊ သာယာရွှေပြည်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ရွှေပြည်တံခွန်ကျောင်းအနီး)

# ဝန်ထမ်း အမြန်အလိုရှိသည်

Sales & Marketing မ(၁)
Excel ကျွမ်းကျင် မ(၁)
စာစီစာရိုက်ကျွမ်းကျင် မ(၁)
**ဖုန်း-၀၉-၅၀၀၈၇၂၇၊ ၀၉-၇၃၀၈၅၅၅၀**

**NAING Group Construction Co., Ltd.**
([illegible])

NAING Group Construction Co.,Ltd [illegible]

1. **Project Manager/Site Engineer** [illegible]
   M.E/B.E/A.G.T.I(Civil) [illegible] Project [illegible] Working Schedule [illegible]
2. **Chief Accountant / Senior Accountant** [illegible]
   B.Act/B.com (or) Diploma in Accounting [illegible] Manufacturing Account [illegible] Final report [illegible]
3. **Concrete QC** [illegible]
   B.E/B.Tech(Civil/Chemical) [illegible] Batching Plant Concrete [illegible] Laboratory Room [illegible]
4. **Auditor** [illegible]
   B.com (သို့) LCCI III [illegible] MS.Excel [illegible]
5. **Driver** [illegible]
   Auto/ Manual Gear [illegible]

[illegible] C.V Form [illegible]
Hot Line-[illegible]
e-mail:hr-naing@nainggroup.com

ဝန်ထမ်းအလိုရှိသည်
([illegible])

BEAUTY PARADISE MANUFACTURING & INDUSTRIAL CO., LTD [illegible]

(1) Sale Supervisor [illegible]
(2) Sale Supervisor [illegible]
(3) Regional Sale Supervisor [illegible]
(4) [illegible]
(5) [illegible]
(6) [illegible]
(7) Office Staff [illegible] Excel [illegible]
(8) [illegible] LCCI [illegible]
(9) Office Cleaner [illegible]
(10) Beauty Advisor [illegible]
(11) Driver [illegible]

[illegible]
BEAUTY PARADISE MANUFACTURING & INDUSTRIAL CO., LTD.
[illegible]



ဆရာမိုး Follow Me Ph.D (USA)

Universal Institute of ESL (USA)ရဲ့ Certificate

ENGLISH 4 SKILLS Level (1,2)

Advanced Diploma in English (USA)

4 SKILLS Level(1,2,3) Dip ESL (USA)

SPEAKING

09431125393

01 295798, 398118

## မြတံခွန်

(**Aircon Services**)

ဝန်ထမ်းအလိုရှိသည်

(ရန်ကုန်နှင့်နေပြည်တော်တွင် ခန့်ထားရန်)

၁။Office Manager ကျား/မ(၁)ဦး
၂။Assistant Manager ကျား/မ(၁)ဦး
၃။Technician(ကျွမ်းကျင်) ကျား(၂၀)ဦး
၄။Helper ကျား(၂၀)ဦး
၅။Office Staff မ(၃)ဦး

ဆက်သွယ်ရန်ဖုန်း-၀၁-၅၂၁၄၄၃၊ ၀၉-၇၃၀၅၉၇၇၃၊ ၀၉-၇၃၁၇၅၅၅၄၊ ၀၉-၃၁၀၇၉၄၁၄

**မြတံခွန်(ပါရမီ)-အမှတ်(၉၆/၉၈)(B)၊ မြေညီထပ်၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ဝန်ထမ်းအလိုရှိသည်

**ဘွဲ့ရ (မ) ၂ ဦး**

**09-7319-9696**

**09-7309-9696**

## ဝန်ထမ်းအမြန်အလိုရှိသည်

**(ပြည်တွင်း၌ ခန့်ထားရန်)**

**"Primrose Beauty Center" အလှပြင်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။**

၁။ ခေါင်းလျှော်ကျွမ်းကျင် - မ (၃) ဦး
၂။ ဆံပင်ညှပ်/ကောက်/ဖြောင့်
ဆံပင်ဆေးဆိုး/ပေါင်းတင်ကျွမ်းကျင် - မ (၂) ဦး

လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာရောက်၍ လျှောက်ထားနိုင်ပါသည်။

"Primrose Beauty Center"
အမှတ်-(၁-ဘီ)၊ မြေညီထပ်၊ ခေမာလမ်း၊
(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း-၀၉-၄၉၂၇၃၁၇၉၊ ၀၉-၅၀၀၂၆၉၈

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Jade Ayer Int'l Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

(1) Chief Accountant - မ(၁)ဦး
CPA (သို့) B.Com (သို့) LCCI Level-3
အသက်(၂၈)နှစ်မှ(၃၈)နှစ်
စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
Computer ကျွမ်းကျင်ရမည်။ (Accounting software သုံးတတ်ရမည်)

(2) Accountant - မ(၁)ဦး
B.Com (သို့) LCCI Level-3 အောင်မြင်ရမည်။
အသက်(၂၅)နှစ်မှ (၃၅)နှစ်
စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ(၃)နှစ်
Computer ကျွမ်းကျင်ရမည်။ (Accounting software သုံးတတ်ရမည်)

(3) Sales Assistant - မ(၂)ဦး
ဘွဲ့ရပြီးသူဖြစ်ရမည်။
အသက်(၂၀)နှစ်မှ(၂၈)နှစ်
လုပ်ငန်းအတွေ့အကြုံ(၁)နှစ်
အင်္ဂလိပ်စကားတတ်ကျွမ်းရမည်။
Computer ကျွမ်းကျင်ရမည်။

(4) Admin Staff - မ(၂)ဦး
ဘွဲ့ရပြီးသူဖြစ်ရမည်။
အသက်(၂၀)မှ(၂၈)နှစ်
လုပ်ငန်းအတွေ့အကြုံ(၁)နှစ်
Computer ကျွမ်းကျင်ရမည်။

ရာထူးအားလုံးအတွက် လျှောက်ထားသူများသည် ရုပ်ရည်သန့်ပြန့်၍ သွက်လက်ရမည်။ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ အမှတ်(၉၀) A-1၊ အင်းယားလမ်းသို့ ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## မြေကွက်ဝယ်လိုသည်

**09 31268183**
**09 31589922**

## Super Star KTV

အတွေ့အကြုံရှိသော ဝန်ထမ်းမျိုးစုံ အလိုရှိသည်။

၇၇၆၊ အောက်မင်္ဂလာဒုံလမ်းမ၊ အောင်ဆန်းဈေးအနီး၊ အင်းစိန်။

ဖုန်း-၆၄၅၉၂၄

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်-၁၀၉၁၊ ၁/ထူပါရုံအနောက်၃လမ်းနေ ဒေါ်ခင်သန်း[၁၂/သဃက(နိုင်)၀၉၉၅၆၆]၏ သားဖြစ်သူဦးလှဝင်း(ခ) ဦးလှဝင်းအောင်[၁၃/မရတ(နိုင်)၀၁၀၅၃၇]သည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သောကိစ္စအဝဝကိုလုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်ခင်သန်း[၁၂/သကတ(နိုင်)၀၉၉၅၆၆]**

